


စိတ်ကူးချိုချိုအနုပညာ

ခင်မောင်ညို (ဘောဂဗေဒ)

# ဝန်ဆောင်မှုကုသိုလ်နှင့် အယ်ဒီတာ့အတွေးများ

mgyoe.com



ခင်မောင်ညို(ဘောဂဗေဒ)

# ဝန်ဆောင်မှုကုသိုလ်နှင့်

## အယ်ဒီတာ့အတွေးများ

KMN0034

2,300.00 KS

mgyoe.com

ဝန်ဆောင်မှုကုသိုလ်နှင့်အယ်ဒီတာ့အတွေးများ
ခင်မောင်ညို(ဘောဂဗေဒ)

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၃၀၃ ဝ၃၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၄၁၀ ဝ၄၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ တာမွေ။ |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း။ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အပ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အောဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၈၀၈·၈၄
ခင်မောင်ညို(ဘောဂဗေဒ)
ဝန်ဆောင်မှုကုသိုလ်နှင့်အယ်ဒီတာ့အတွေးများ/
ခင်မောင်ညို(ဘောဂဗေဒ) - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၂၂၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) ဝန်ဆောင်မှုကုသိုလ်နှင့်အယ်ဒီတာ့အတွေးများ

၂၀၁၂၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

mgyoe.com

mgyoe.com

# ဝန်ဆောင်မှုကုသိုလ် နှင့်
# အယ်ဒီတာအတွေး...များ

ခင်မောင်ညို
(ဘောဂဗေဒ)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ CONTENT


၁။ ကာလဒါနလေးတစ်ခု ၁

၂။ စွမ်းအားများ ၄

၃။ အနှစ် (၂၀) လူ့စွမ်းအား ၇

၄။ ဆန္ဒနှင့်အခွင့်အလမ်း ၉

၅။ ဟာသဓာတ်ခံရှိလျှင် အလုပ်ပိုမြဲသည် ၁၂

၆။ ၂၀၀၉ စီးပွားရေးနိုဘယ်လ်ဆုရှင်များ ၁၄

၇။ သွက်လက်လှုပ်ရှား စာနယ်ဇင်းများ ၁၇

၈။ ကျွန်တော်တို့ ရွေးရမယ့်လမ်း ၁၉

၉။ ဟောပြောပွဲများ ၂၂

၁၀။ အခြေခံနှင့်လုပ်ငန်းသုံး ၂၄

၁၁။ ရွှေဈေးဘာကြောင့်တက်၊ ၂၇

၁၂။ မြေပုံကြောက်သူ ၂၉

## ၂၀၁၀

၁၃။ ဘန်ကောက်လူနာ ၃၂

၁၄။ ဘန်ကောက်လူနာ(၂) ၃၆

၁၅။ ယုံကြည်စိတ်ချမှု ၄၀

၁၆။ ကိုယ့်အားကိုယ်ကိုး ငါန်းဇွန် ၄၂

၁၇။ မအို မနာ မသေသေးပါ ၄၅

၁၈။ စီးပွားရေးလုပ်ငန်းပညာ ၄၇

၁၉။ ဟောကိန်းနှင့် ကံကြမ္မာကို ပိုင်ဆိုင်ခြင်း ၅၁

၂၀။ အရပ်ဘက်အဖွဲ့အစည်းများ ၅၃

၂၁။ (၂၀၁၀)မြန်မာ့စီးပွားရေးအလားအလာ (အာရှဖွံ့ဖြိုးရေးဘဏ်၏အမြင်) ၅၆


mgyoe.com

ဝန်ဆောင်မှုကုသိုလ်နှင့် အယ်ဒီတာအတွေး

mgyan.com


၂၂။ ဖြတ်လမ်းများ ၆၁

၂၃။ အာရှ လမ်းဘေးဈေးသည် ၆၄

၂၄။ ရွေးစရာလမ်းများ ၆၈

၂၅။ ကိုယ်တွေ့သောဂဗေဒ ၇၁

၂၆။ ကျွန်တော်နှင့် Facebook ၇၃

၂၇။ ဘယ်လိုအကြံပေးကြမလဲ? ၈၀

၂၈။ ကိုယ့်ပွဲသူ့ပွဲ ၈၂

၂၉။ ကိုယ့်ပွဲသူ့ပွဲ(၂) ၈၅

၃၀။ ကုံကော်ရိပ်မှ ထီးတော်ရိပ်သို့ ၈၈

၃၁။ ခေတ်မီကြသူများ ၉၁

၃၂။ ပညာရှာသူများ ၉၄

၃၃။ အတုယူစရာ လူမှုရေးလုပ်ငန်းများ ၉၆

၃၄။ အရေအတွက်နဲ့ အရည်အချင်း ၁၀၀

၃၅။ ဆရာတပည့် ၁၀၃

၃၆။ ခရီးသည် ၁၀၆

၃၇။ ပြိုင်ပွဲ ၁၀၉

၃၈။ ချော်မလဲစေဖို့ ၁၁၂

၃၉။ ဆက်လျှောက်ရပါဦးမည် ၁၁၅

၄၀။ ဘာတွေပြောင်းကြမှာလဲ ၁၁၈

၄၁။ စီးပွားရေးသတင်း စီးပွားရေးဆောင်းပါးများရေးလျှင် ၁၂၁

၄၁။ အိန္ဒိယခရီးသည် (၁) ၁၂၄

၄၃။ အိန္ဒိယခရီးသည် (၂) ၁၂၆

၄၄။ အိန္ဒိယခရီးသည် (၃) ၁၂၈

၄၅။ အမှတ်တရ ဂန္ဒီမွေးနေ့ (၁) ၁၃၀

၄၆။ အိန္ဒိယရောက် " သတင်းသမား" ၁၃၃

၄၇။ အမှတ်တရ ဂန္ဒီမွေးနေ့ ၁၃၇

၄၈။ ဈေးဝယ်ကြသူများ ၁၄၀

၄၉။ စိုးရိမ်တာ၊ မျှော်မှန်းတာ ၁၄၂

၅၀။ ၂၀၁၁ မြန်မာ့စီးပွားရေး ၁၄၅

၅၁။ ကိုယ့်အတွက်အခွင့်အလမ်း ၁၄၈

၅၂။ အသင်းအဖွဲ့တဲ့လား ၁၅၁

၅၃။ ဖေါက်သည်တွေကျေနပ်ဖို့လိုသလား ၁၅၄


mgyan.com

mgyoe.com


၅၄။ တရားမဲ့သူ ၁၅၈
၅၅။ HR တဲ့လား ၁၆၀
၅၆။ ဝန်ဆောင်မှုကုသိုလ် ၁၆၂
၅၇။ နည်းပညာသုံးပုံသုံးနည်း ၁၆၅
၅၈။ ဘာပြောရရင်ကောင်းမလဲ ၁၆၈

## ၂၀၁၁

၅၉။ တရားပြခရီး ၁၇၁
၆၀။ ဘာမှလဲ မသိလိုက်ရပါလား ၁၇၃
၆၁။ ဘယ်ဘက်ကွေ့မှာလဲ ၁၇၆
၆၂။ ဘယ်သူ့ ရှေ့ကခေါ်မလဲ ၁၇၈
၆၃။ ကျွန်တော် ဘယ်လောက် “ဈေး”လဲ ၁၈၁
၆၄။ စာဖတ်စေလိုသူ ၁၈၄
၆၅။ လုပ်စရာတွေတစ်ပုံကြီးရှိသေးတယ် ၁၈၇
၆၆။ အတိတ်မှအနာဂတ်၊ အဟောင်းမှ အသစ် ၁၉၀
၆၇။ အရိပ်အောက်မှာ ၁၉၂
၆၈။ စနစ်နဲ့လူ ၁၉၄
၆၉။ သတင်းတွေနဲ့ပြေးတမ်းလိုက်တမ်း ၁၉၆
၇၀။ ပြဿနာကို ပြဿနာရှာကြည့်ခြင်း (၁) ၁၉၉
၇၁။ ဈေးကွက်ထဲမှာ ၂၀၁
၇၂။ မိတ္ထီလာတစ်ခေါက် ၂၀၄
၇၃။ ပြောကြပါ...ပြောကြပါ...သို့သော် ၂၀၆
၇၄။ ဈေးမှန် ၂၀၈
၇၅။ ‘တစ်’ကပြန်စသူများ ၂၁၀
၇၆။ လက်ခုပ်ဈေးကွက် ၂၁၃
၇၇။ အိမ်အပြန် ၂၁၆
၇၈။ ဘာစွမ်းရည်လဲ ၂၁၉
၇၉။ ပြေးကြောက်နှင့် ကြောက်ပြေး ၂၂၁
၈၀။ ဉာဏ်မမီသူများ ၂၂၃
၈၁။ အလုပ်လက်မဲ့၊ အလုပ်ဉာဏ်မဲ့၊ အလုပ်စိတ်မဲ့ ၂၂၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ၁ ကာလဒါနလေးတစ်ခု

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်ခဲ့တဲ့ အခြေခံ သံတမန် ရေးရာ ကျွမ်းကျင်မှုသင်တန်း အပတ်စဉ် ၁၇ က မိတ်ဆွေတွေ၊ တပည့်ဟောင်းတွေက ကျိုက်ထီးရိုးသွားကြမယ် လိုက်မလားဆိုတော့ အတော်ပဲ လိုက်ချင်သွားချင်နေတာ ကြာပြီလို့ ဖြေလိုက်ပါတယ်။ ဟုတ်တယ်။ အရင်လက ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နားက တောင်ပြာတန်းတွေကို ရောက်တဲ့အချိန်မှာ ကျိုက်ထီးရိုး သွားချင်တဲ့ စိတ်ပေါက်လာတာပါပဲ။ တစ်ရက်မှာတော့ သင်တန်းသားဟောင်းတွေစုပြီး အလှူအတန်းလုပ်ဖို့ စီစဉ်ကြပါတယ်။

မူလက ကျိုက်ထီးရိုး ဆံတော်ရှင်တစ်ဝိုက်က ကျောင်းတွေကို ဆန်လှူမယ်ဆိုပြီး စိတ်ကူးကြတယ်။ ရန်ကုန်ကနေ ကင်ပွန်းစခန်းအထိ သွားဖို့ မော်တော်ကားလှူတဲ့သူလည်း ပေါ်လာတယ်။ ကျိုက်ထိုကို လှမ်းပြီး ဘုန်းကြီးကျောင်းစာရင်းနဲ့ ဝါဆိုသံဃာ စာရင်းတွေ တောင်းကြတယ်။ ကျိုက်ထိုကလည်း ကားတစ်စီး ကြိုပြီး စီစဉ်ပေးထားတယ်။

အလှူငွေက ကောက်ရင်းကောက်ရင်းနဲ့ ဆန်အိတ် (၂၀) ကျော်စာလောက်ဖြစ်လာတယ်။ ဆန်အိတ်ကိုတော့ ကျိုက်ထို ရောက်မှပဲဝယ်ကြမယ်ပေါ့။

၁၂. ၉. ၂၀၀၉ နေ့ နံနက် ၄ နာရီခွဲလောက် အိမ်ကနေထွက်တယ်။ ကားကလည်းကောင်း၊ မောင်းတဲ့သူတွေကလည်း ကျွမ်းကျင်လေတော့ သိမ်ဇရပ်အထိ၊ စစ်တောင်းတံတားသစ်ကြီးကို ဖြတ်ပြီး

mgyoe.com

လိုအပ်တဲ့နေရာတွေ
လိုအပ်တဲ့အချိန်မှာ
လိုအပ်တာတွေကို အပင်ပန်းခံပြီး၊
ကြိုးစားပမ်းစားနဲ့
ကျောင်း ၂၃ ကျောင်းကို
လှူဒါန်းခွင့်ရကြတာ
ဝမ်းသာလို့ မဆုံးကြဘူး။
အခုအလှူက
ပထမအကြိမ်ဆိုတော့
နောင်နှစ်တွေလည်း
ဒီအချိန်ပဲဆက်လာကြ
လှူကြမယ်၊ အခုကတည်းက
စုဆောင်းကြမယ် တိုးချဲ့ပြီး
လှူနိုင်အောင်လုပ်ကြမယ်လို့
သဒ္ဓါတရားတွေ
ပွားများလာကြတာကို
အမျှဝေလိုက်ရပါတယ်။

မောင်းကြတယ်။ အဲဒီတံတားကြီးမပြီးခင်က သတင်းစာအဖွဲ့နဲ့ ရောက်ခဲ့ ဖူးသေးတယ်။ သိမ်ဇရပ်ကထမင်းဆိုင်တစ်ဆိုင်မှာ နံနက်စာစားပြီး ကျိုက်ထိုကိုခရီးဆက်တော့ ဟိုမှာအဆင်သင့် စောင့်နေကြပြီ။ ကျိုက်ထိုမှာ ဆန်လိုက်ဝယ်ကြတော့ လက်လီလက်ကားဆိုင်တွေမှာ ကိုယ်လိုချင်တဲ့ ဆန်အိတ်အရေအတွက်ကိုမရတော့ ကြာနေကြရော။ နောက်တော့ တာဝန်ရှိသူတစ်ယောက်က ဆန်စက်လိုက်ပို့မှပဲ ကိုယ်လိုချင်တဲ့ အရေအတွက်ကို ရတော့တယ်။ ရန်ကုန်ဈေးနဲ့ ကျိုက်ထိုဈေးက ကွာနေလေတော့ ဆန်အိတ်နောက်ထပ် ၁၀ လုံးလောက် ထပ်တိုးလာတယ်။

ပြီးတော့၊ ဆီ၊ ကြက်သွန်နီ၊ သကြား၊ နို့ဆီအစ သွားတိုက်ဆေး၊ သွားပွတ်တံအဆုံး ဝယ်လိုက်ကြတာပစ္စည်းက ၁၂ မျိုး၊ တန်ဘိုးက ၂၂ သိန်းကျော်လောက်ဖြစ်သွားတယ်။ တောင်တက်ကားခနဲ့ တည်းခိုတာ၊ စားတာသောက်တာတွေကတော့ ကိုယ့်စရိတ်နဲ့ကိုယ်ပေါ့။ ဒီအချိန်က ဘုရားပွဲတော်ရာသီမဟုတ်လေတော့ ကင်မွန်းစခန်းမှာ ဆိုင်တချို့ပဲရှိတယ်။ တချို့ ဆိုင်တွေက အခုမှ ပြင်တုန်းဆင်တုန်း ရှိသေးတယ်။

နှစ်ပေါင်း ၃၀ လောက် ကျောင်းဆရာလုပ်ခဲ့၊ အဆောင်မှူးလည်း လုပ်ခဲ့တာတွေက ကျိုက်ထီးရိုးမှာလည်း အစွမ်းပြတယ်။ ခပေါင်းဆောင်မှာနေသွားဖူးတဲ့ ကျောင်းသားဟောင်းတစ်ယောက်က ကျိုက်ထီးရိုး ကင်မွန်းစခန်း ရင်ပြင်တော်ကားလိုင်းမှာ အလှည့်ကျအုပ်စု ခေါင်းဆောင်ဖြစ်နေလေရဲ့။ သူကပဲ အပြန်ခရီးကိုဝင်ပြီး ကုသိုလ်ယူတယ်။

ကင်မွန်းစခန်းမှာ နေ့လည်စာစား၊ ကိုယ်ရန်ကုန်က ယူလာတဲ့ကားကိုထားခဲ့ပြီး၊ ဆန်အိတ်တွေ၊ ပစ္စည်းတွေနဲ့ တောင်ပေါ်တက်ကြတယ်။ ဒေါနတောင်ဘက်မှာနေခဲ့ဖူးတဲ့ တာဝန် ရှိသူတစ်ယောက်လည်း ပါလာပေမယ့် သူကကျိုက်ထီးရိုးတောင်တက်ခရီး မတ်စောက်ပုံကို အတော် ဖြုံနေတယ်။

ရသေ့တောင်ကိုရောက်တော့ ရသေ့တောင်ဘေးဘက် လမ်းကနေ၊ တဖြည်းဖြည်း တက်လိုက်တာ၊ ကားကဆက်သွယ်ရေးတိုင်နားကိုရောက်တော့ ပြန်ကွေ့ပြီးဘီလူးနှစ်ကောင် ကျောင်းတိုက်ဝင်ကြတယ်။ ဘယ်အလုပ်သမား၊ ဘယ်ကပွိုင်မှရှိတာ မဟုတ်လေတော့ ဆန်အိတ်တွေ ပစ္စည်းတွေကို ကိုယ့်ဘာသာ

mgyoe.com

ထမ်း၊ ရေညှိတွေရှိနေတဲ့ လှေခါးထစ်မတ်မတ်ကို ချော်မလဲအောင် သတိထားပြီး တင်ကြရတယ်။ ကျိုက်ထီးရိုးဘုန်းကြီးကျောင်းကနေသယ်ရင် ဆန်တစ်အိတ်ကို ၂၅၀၀ လောက်ကုန်မှကျောင်း ရောက်တာ အခုကိုယ့်ကျောင်းအထိ၊ ရိက္ခာပြတ်နေတဲ့အချိန်မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ တာကို ဆရာတော်တွေက အတော်ဝမ်းသာကြတယ်။

ကျိုက်ထီးရိုးတောင်ခြေမှာတော့ ဆောက်လုပ်ရေးလုပ်ငန်းခွင်က လုပ်သားတွေအားကိုးနဲ့ ကိုယ့်ပစ္စည်းကိုယ်တောင် သယ်စရာမလိုပါဘူး။ ကျိုက်ထီးရိုးဆံတော်ရှင်ကို၊ လူရှင်းရှင်းနဲ့ အားပါး တရဖူးကြ၊ အဓိဋ္ဌာန်ပြုခွင့်ရကြတယ်။ ပစ္စည်းတွေကို ညဘက်မှာခွဲတမ်းချတယ်။ အနီးအနားက ကျောင်းတွေကို နံနက်မှာလိုက်ပင့်ပြီး ရေစက်ချလှူဒါန်းကြတယ်။ ကျိုက်ထီးရိုးကျောင်းထိုင် ဆရာ တော်က သပ္ပုရိသဒါနတရားဟောတယ်။

လိုအပ်တဲ့နေရာတွေ လိုအပ်တဲ့အချိန်မှာ လိုအပ်တာတွေကို အပင်ပန်းခံပြီး၊ ကြိုးစား ပမ်းစားနဲ့ ကျောင်း ၂၃ ကျောင်းကို လှူဒါန်းခွင့်ရကြတာ ဝမ်းသာလို့မဆုံးကြဘူး။ အခုအလှူက ပထမအကြိမ်ဆိုတော့ နောင်နှစ်တွေလည်း ဒီအချိန်ပဲဆက်လာကြ၊ လှူကြမယ်၊ အခုကတည်းက စုဆောင်းကြမယ် တိုးချဲ့ပြီး လှူနိုင်အောင်လုပ်ကြမယ်လို့ သဒ္ဓါတရားတွေ ပွားများလာကြတာကို အမှျဝေလိုက်ရပါတယ်။

■

mgyoe.com

mgyoe.com

# ၂ စွမ်းအားများ

ကိုယ် ကြုံတွေ့နေခဲ့ရတဲ့ ခေတ်နဲ့စာရင်၊ ဒီခေတ်လူငယ်တွေဟာ ကံသိပ်ကောင်းကြတယ်။ မရစဖူးအခွင့်အရေးတွေကို ရကြတယ်။ အဲဒီအခွင့်အရေးတွေကို ရယူအသုံးချဖို့အတွက်၊ 'ဉာဏ်' ရှိဖို့တော့ လိုပါတယ်။ ကံပေးတာချင်းအတူတူ၊ ဉာဏ်ရှိတဲ့သူက ဉာဏ်ရှိတဲ့ အလျောက် များများ ရယူအသုံးချနိုင်ကြပြီး ဉာဏ်မရှိတဲ့သူကတော့ ပေးတိုင်းရမှာမဟုတ်ဘူး။

လူရဲ့စွမ်းအားနဲ့ပတ်သက်လို့ ယောဆရာတော်အများကြီး ဟောပြောဆုံးမတာကို ဖတ်ဖူး၊ ကြားဖူးတယ်လို့ မှတ်မိနေတော့ ဆရာတော်ရဲ့တရားတွေကို ပြန်လိုက်ရှာတယ်။

အခု ယောဆရာတော်ရဲ့ 'ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ' ဆိုတဲ့ တရားတော်ကို ပြန်နာနေတယ်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတဲ့ အများသိပြီးသားစကားကို ထပ်ပြီးတိုးချဲ့မယ်ဆိုရင် ကုသိုလ်မရ၊ ဝမ်းသာဝ ဆိုတဲ့အလုပ်မျိုးတွေရှိနိုင်သလဲ၊ အကုသိုလ်ရ၊ ဝမ်းလည်းဝ ဆိုသလို၊ ဝမ်းဝပေမဲ့ ကုသိုလ် လုံးဝမရတဲ့အပြင် မိမိအကျိုးသူတစ်ပါး အကျိုးထိခိုက်စေတဲ့၊ အကုသိုလ်အလုပ်မျိုးတွေကို လုပ်ရတဲ့ အခြေအနေမျိုးလည်း ဖြစ်နေနိုင်တယ်။ ဒါကြောင့် အကောင်းဆုံးကတော့ ဝမ်းဝရုံသာမက ကုသိုလ်ရတဲ့အလုပ် ကုသိုလ်ဖြစ်တဲ့အလုပ်၊ မိမိ သူတစ်ပါးနှစ်ဦး အကျိုးဆောင်ရက်ပေးနိုင်တဲ့ အလုပ်မျိုးကို လုပ်ခွင့်ရကြရင် အကောင်းဆုံးပါပဲ။

mgyoe.com

ဘာသာတရားရဲ့အဆုံးအမအောက်မှာ ကျွန်တော်တို့တစ်တွေဟာ ကုသိုလ်အလုပ်၊ အကုသိုလ်အလုပ်တွေကို ခွဲသိနိုင်ကြတယ်။ ကုသိုလ်အလုပ်တွေကို ရဲရဲလုပ်ကြတယ်။ အကုသိုလ်အလုပ်တွေကို ရဲရဲရှောင်ကြတယ်လို့ ဆရာတော်ကြီးက ဆုံးမပါတယ်။ ဒီတော့အကုသိုလ် အလုပ်တွေ မိမိသူတစ်ပါးနှစ်ဦးသား အကျိုးမရှိတဲ့ အလုပ်တွေကို ရှောင်ရှားဖို့ဆိုတာကလည်း ရဲမှ သတ္တိရှိမှဆိုတာ သဘောပေါက်လာရပါတယ်။ လုပ်စရာရဲရဲလုပ်၊ ရှောင်စရာ၊ ရဲရဲရှောင်တဲ့။ သတ္တိရှိမှ၊ ကုသိုလ်အလုပ်တွေကို ရှောင်နိုင်ကြတာပါ။

ဘာသာတရားရဲ့
အဆုံးအမအောက်မှာ
ကျွန်တော်တို့တစ်တွေဟာ
ကုသိုလ်အလုပ်၊
အကုသိုလ်အလုပ်တွေကို
ခွဲသိနိုင်ကြတယ်။
ကုသိုလ်အလုပ်တွေကို
ရဲရဲလုပ်ကြတယ်။ အကုသိုလ်
အလုပ်တွေကို
ရဲရဲရှောင်ကြတယ်လို့
ဆရာတော်ကြီးက ဆုံးမပါတယ်။
ဒီတော့အကုသိုလ် အလုပ်တွေ
မိမိသူတစ်ပါးနှစ်ဦးသား
အကျိုးမရှိတဲ့ အလုပ်တွေကို
ရှောင်ရှားဖို့ဆိုတာကလည်း
ရဲမှ သတ္တိရှိမှဆိုတာ
သဘောပေါက်လာရပါတယ်။

အခုတလော မဟာဗောဓိမြိုင်ဆရာတော်ရဲ့ ကျောင်းကို အရောက်သွားကြ၊ ဆရာတော်ကြီး ရွှင်ရွှင်လန်းလန်း၊ တရားဟောကြားတာကို ရိုက်ထားတဲ့စီဒီအခွေကိုလည်း နာရပါတယ်။ ဆရာတော်ကြီးရဲ့ ယောတရားကို တိတ်ခွေကနာဖူးပေမဲ့ ဗီဒီယိုအနေနဲ့မနာဘူးပါဘူး။ ဆရာတော်ကြီးကတော့ 'လိုချင်နေသမျှ၊ မလိုချင်တာတွေရကြမယ်။ လိုချင်တဲ့သူချင်းတွေရင် အတိုက်အခံဖြစ်မယ်၊ မလိုချင်ပါမှ၊ လိုချင်တာတွေရမယ်။ ရာဂမာန် ဒေါသမာန်တွေချထားရင်၊ လူတိုင်းက သဒ္ဓါမယ်၊ ဘာမှမလိုချင်တဲ့နေ့ဟာ လိုလေသေးမရှိအောင် ပြည့်စုံတဲ့နေ့ပဲ။ ဝိရိယက တော့အမြဲရှိရမယ်။ လိုချင်စိတ်နဲ့ ဝိရိယ မရောနဲ့၊ ခွဲထား'လို့ ဆုံးမတာကို စီဒီက တစ်ဆင့်နာကြား လိုက်ရပါတယ်။

ယောဆရာတော်က အကုသိုလ်တရားတွေဟာ လိုတာလည်းမပေး၊ မလိုချင်တာတွေပဲ ပေးတယ်။ စိတ်လည်းမအေးရဘူး။ ပြီးတော့ ကိုယ်ပြုတဲ့အကုသိုလ်တွေအတွက် ကိုယ်ပဲ တာဝန်ယူရတယ်။

ကုသိုလ်တရားတွေကျတော့ ကိုယ်လိုချင်တာတွေကို ရစေတယ်။ မလိုချင်တာလည်းမပေးဘူး။ စိတ်လည်းအေးရတယ်။ ပြီးတော့ အရေးရယ်အကြောင်းရယ်ဆိုရင် ကိုယ်ပြုထားတဲ့ကုသိုလ်တွေက ကိုယ့်ကို တာဝန်ယူယူသွားတယ်။

ဒါကြောင့် လောကစံအဆိုးတရားတွေနဲ့ မကြုံကြိုက်မီ ကုသိုလ်ကို လက်ဦးအောင်ပြုဖို့၊ ယောဆရာတော်က တိုက်တွန်းပါတယ်။ အသည်းအသန်ဖြစ်ကာမှ ထပြီးကုသိုလ်လုပ်ရင် အကျိုးများဖို့က မလွယ်ဘူးမဟုတ်လား။ ဒါကြောင့် စောစောစီးစီး၊

mgyoe.com

mgyoe.com

ကြို့ကြို့တင်တင် ကုသိုလ်ပြုထားဖို့ ယောဆရာတော်က ဆုံးမပါတယ်။

ပြီးတော့ ကုသိုလ်ဖြစ်ဖြစ်၊ အကုသိုလ်ဖြစ်ဖြစ် အရင်းအတိုင်းပြန်လာတာမျိုး မဟုတ်ဘူး၊ အတိုးနဲ့လာတတ်တယ်။ ပိုပိုသာသာ အကျိုးပေးတတ်တယ်။ ဒါဆိုရင် ကုသိုလ်လုပ်ဖို့ မက်လုံး ပိုရှိပြီး အကုသိုလ်လုပ်ဖို့ ဖျက်လုံး (Disincentive) ရှိတယ်လို့ ပြောရမှာပဲ။ အတိုးနဲ့ အကျိုးပေးတတ်တဲ့ ကုသိုလ်တွေပိုလုပ်ဖို့ အတိုးနဲ့အကျိုးပေးတတ်တဲ့ အကုသိုလ်တွေကို ရှောင်ရှားဖို့ သတိပေးနေပါတယ်။ တစ်နည်းပြောရရင်တော့ ကုသိုလ်ကိုရဲရဲလုပ်ရဲဖို့ မက်လုံးတွေရှိတယ်။ အကုသိုလ်ကိုရဲရဲရှောင်ဖို့ မက်လုံးတွေ၊ အကုသိုလ်လုပ်တာကို ဖျက်မယ့် ဖျက်လုံးတွေ ရှိနေတာပါ။

ယောဆရာတော်က သဒ္ဓါတွေ၊ ပညာတွေ၊ မေတ္တာတွေဟာ ကိုယ့်ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဘယ်တော့မှသုံးမကုန်နိုင်တဲ့ ဘဝသံသရာတစ်လျှောက်လုံးသုံးနိုင်တဲ့ စွမ်းအားတွေ၊ ရတနာသိုက်တွေ အဖြစ်တင်စားပါတယ်။ သဒ္ဓါတွေ၊ ပညာတွေ၊ သတိတွေကြောင့်လဲ ကုသိုလ်လုပ်နိုင်တာပါ။ မိဘက မပေးနိုင်၊ ငွေပေးဝယ်လို့လဲမရတာတွေကို ကိုယ့်ရဲ့သဒ္ဓါအား၊ ပညာအား၊ သတိအားတွေက လုပ်ပေးနိုင်တဲ့အကြောင်း ဆုံးမထားပါတယ်။

■

mgyoe.com

mgyoe.com

၄.

# အနှစ် ၂၀ လူ့စွမ်းအား

ဂျပန် မိတ်ဆွေတစ်ယောက်က ညွှန်းလိုက်လို့ ဂျပန်သုတေသီ တစ်ယောက်ရောက်လာတယ်။ သူကလွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်း ပညာရေးနယ်ပယ်၊ အထူးသဖြင့် အဆင့်မြင့်ပညာရေး နယ်ပယ်၊ တက္ကသိုလ်ပညာရေးနယ်ပယ်မှာ ဘာတွေအပြောင်းအလဲဖြစ်ခဲ့သလဲ၊ ဘာတွေတိုးတက်မှုတွေ ဖြစ်ခဲ့သလဲဆိုတာကို သိချင်သတဲ့။ ဟုတ်ပါရဲ့ ကိုယ်တောင်မစဉ်းစားမိဘူး။

ပထမဆုံး မျက်စိထဲမြင်လာတာတွေက ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံတွေပါ။ ဆယ်ဂဏန်းသာရှိတဲ့ တက္ကသိုလ်တွေကနေ ရာဂဏန်းအထိရှိလာတယ်။ တစ်ပြည်လုံးအနှံ့ တက္ကသိုလ်တွေရှိလာတယ်။ မူလက ရန်ကုန်မှာသာရှိတဲ့ စီးပွားရေးတက္ကသိုလ်ဟာ အခု မုံရွာနဲ့ မိတ္ထီလာမှာပါရှိလာပြီး ၃ ခု ဖြစ်သွားတယ်။ ဘွဲ့ပေးရာမှာလည်း ဘာသာရပ်အခွဲတချို့ ထပ်ပေးတယ်။

စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ပေးတယ်။ ဒါတင်မက သေးဘူး။ ပြည်သူ့ရေးရာ အုပ်ချုပ်ရေးမဟာဘွဲ့ပေးတယ်။ အချိန်ပြည့် တက်ရတဲ့အတန်းတွေအပြင် အချိန်ပိုင်းသင်တန်းတွေပါ ဖွင့်လှစ်တယ်။ ဝန်ထမ်းတစ်ပိုင်းတွေက အချိန်ပြည့်တက်ရတဲ့ သင်တန်းတွေထက်၊ နံနက်ပိုင်း ညနေပိုင်းတွေမှာ အချိန်ပိုင်းတက်ရတဲ့ သင်တန်းတွေကို ပိုစိတ်ဝင်စားလာကြတယ်။ အခု အလုပ် ခေါ်ရာမှာ အမ်ဘီအေရရမယ်၊ အမ်ပီအေရရမယ်လို့ထည့်ပြီး ခေါ်လာတာတွေ တွေ့ရတယ်။

mgyoe.com

mgyoe.com

ထုံးစံကတော့၊ အစိုးရဝန်ထမ်းတွေသာ၊ ပညာတော်သင်သွားခွင့်ရကြတာပါ။ အခုတော့ အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ ပုဂ္ဂလိကတစ်ဦးချင်းပါ၊ ပညာတော်သင်တွေ သွားခွင့်ရကြတာ တွေ့ရတယ်။ ဒါကြောင့် ပြည်ပမှာဘွဲ့လွန်ပညာတွေ ဆည်းပူးခွင့်ရကြ၊ ပုဂ္ဂလိကကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေမှာ တာဝန်ထမ်းဆောင်ခွင့်ရကြတဲ့သူတွေလည်း အများကြီး တိုးပွားလာတာ တွေ့ရတယ်။

ဟိုတုန်းက နိုင်ငံခြားပါရဂူဘွဲ့ရတဲ့ သူအတော်ရှားတဲ့ တက္ကသိုလ်တွေမှာ အခု– ပြည်တွင်း ပါရဂူဘွဲ့ရတဲ့သူတွေ မွေးထုတ်နိုင်တာကိုလည်း သတိထားမိပါတယ်။

၁၉၈၈ မှာ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးတဲ့ အချိန်ကစပြီး စာသင်ခန်းထဲ– ကျောင်းထဲမှာပဲရှိနေတဲ့ စာရင်းကိုင်ပညာ၊ ဈေးကွက်တင်ပညာ၊ စီမံခန့်ခွဲရေးပညာရပ်တွေကို လူတွေက ပိုစိတ်ဝင်စားလာကြတာတွေ့ရတယ်။ ဒီဝယ်လိုအားကို ဖြည့်ဆည်းပေးဖို့၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနတွေကနေ၊ နံနက်ပိုင်း၊ ညနေပိုင်းသင်တန်းတွေဖွင့်၊ ဒီပလိုမာသင်တန်းတွေပေးလာ ကြတာတွေ့ရတယ်။ လူမှုရေးပညာ၊ အသုံးချစိတ်ပညာ၊ ဥပဒေပညာနဲ့ စီးပွားရေးဘာသာရပ်တွေ သာမက၊ အင်္ဂလိပ်ဘာသာနဲ့ တစ်ခြားဘာသာစကားတွေကိုလည်း လေ့လာဆည်းပူးမှု အရှိန် အဟုန် ကြီးမားလာခဲ့တယ်။

ပညာဆည်းပူးလိုမှုဝယ်လိုအားကို ဖြည့်စွမ်းဖို့ အစိုးရတက္ကသိုလ်တွေသာမက၊ ပုဂ္ဂလိက သင်တန်းတွေပေါ်ပေါက်လာတယ်။ ဒီသင်တန်းတွေမှာ လုပ်ငန်းခွင်နဲ့ ပတ်သက်တဲ့စွမ်းရည်တွေ၊ နိုင်ငံခြားမှာသွားရောက်အလုပ်လုပ်ကိုင်ဖို့ အထောက်အကူပြုတာတွေ၊ ကွန်ပျူတာနဲ့ပတ်သက်တာ တွေ ပါဝင်တဲ့အပြင် ပြည်ပနိုင်ငံတွေကပေးတဲ့ ဒီပလိုမာတွေရဖို့ ပြည်ပတက္ကသိုလ်တွေကို သွားရောက်ပညာသင်ယူဖို့ဦးတည်တဲ့ သင်တန်းတွေလည်း ပါဝင်ခဲ့ပါတယ်။ နိုင်ငံခြားပညာ သင်ယူဖို့၊ ဦးတည်ပြီးလေ့ကျင့်ပေးတဲ့ သင်တန်းတွေရဲ့ ဟောပြောပွဲ ဆွေးနွေးပွဲတွေကို ရန်ကုန်၊ မန္တလေး မြို့ကြီးတွေမှာ အမြဲမြင်တွေ့နေရပါတယ်။

သင်တန်းကျောင်းတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ စီးပွားရေးလုပ်ငန်းနဲ့ သက် ဆိုင်တဲ့ ပညာရပ်ဆိုင်ရာ ဆောင်းပါးတွေဖော်ပြတဲ့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေထွက်ပေါ်လာခဲ့တာကိုလဲ ထည့်ပြောရမှာဖြစ်ပါတယ်။ အပတ်တိုင်း အပတ်တိုင်း ကွန်ပျူတာ၊ အင်ဂျင်နီယာ၊ စီးပွားရေး လုပ်ငန်းပညာနဲ့ ပတ်သက်တဲ့ ဟောပြောပွဲတွေ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ အမြဲရှိနေပါတယ်။

ခြုံပြီးပြောရရင် လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်း ပညာရေးကဏ္ဍတစ်ဟုန်ထိုးကြီးထွား တိုးတက် လာခဲ့ပြီး ဈေးကွက်အင်အားစုတွေရဲ့ မောင်းနှင်မှုကြောင့် ပုဂ္ဂလိကကဏ္ဍအပါအဝင် ကျယ်ပြန့် တိုးတက်တဲ့ စီးပွားရေးကဏ္ဍတစ်ခုဖြစ်ပါတယ်လို့ သုံးသပ်မိပါတယ်။

■

mgyoe.com

mgyoe.com

# ၄ ဆန္ဒနှင့် အခွင့်အလမ်း

ကိုယ် လူရဲ့စွမ်းအားတွေအကြောင်းရေးရင်းနဲ့ ဒါန၊ သီလ၊ ဘာဝနာတွေရဲ့စွမ်းအား၊ သီလ၊ သမာဓိ၊ ပညာတွေရဲ့စွမ်းအားရတနာသုံးပါးရဲ့ စွမ်းအားတွေအကြောင်း ယောဆရာတော် အတော်လေးဟောပြောဆုံးမဖူးတယ်လို့ မှတ်မိတယ်။ အသေအချာတော့မမှတ်မိဘူး။ ဒါနဲ့အိမ်မှာ ယောဆရာတော်ရဲ့ စာအုပ်တွေကို လိုက်ရှာတော့ရှာမတွေ့။ စာအုပ်ဆိုင်တွေမှာလည်း မတွေ့။ လမ်းဘေးက တရားခွေဆိုင်တွေမှာလည်း တစ်ခြားအခွေတွေ တွေ့ပေမဲ့ ကိုယ်လိုချင်တာမတွေ့ရ။ နောက်ဆုံး တေးသံသွင်းဆိုင်တစ်ဆိုင်ရောက်မှ၊ ကိုယ်လိုချင်တဲ့ ဆရာတော်ရဲ့ တရားခွေတစ်ချပ်မှာ တရား အပုဒ်ရေ ၃၀၀ လောက်ပါပြီး၊ ဈေးနှုန်းကလည်း တစ်ထောင်တောင်မပေးရ။

ဟိုတုန်းကလိုဆို တရားအပုဒ်ရေ ၃၀၀ ကို အခွေ ၃၀၀ စီဒီ ၃၀၀ စုရမှာပဲ။ စုတော့လည်း တစ်ချပ်တည်းနဲ့ပြီးရော။ လူတွေ စွမ်းရည်တက်လာတော့ ရုပ်ဝတ္ထုတွေလည်း စွမ်းရည်တက်လာတယ်။

လှည်းတန်းရောက်ရင် ဆုံရမယ့်တွေ့ရမယ့်သူတွေများလာမယ် ပြောဖြစ်ဆိုဖြစ်ကြမယ်လို့ ထင်ထားပေမဲ့၊ တကယ်တမ်းကျတော့ ပြောစရာဆိုစရာ ဆုံစရာလူက သိပ်မရှိလှပါဘူး။ ဒီကနေ့မှပဲ MRTV-4 ကဆရာမျိုးမြတ်သူရယ်၊ တက္ကသိုလ်ထွန်းနောင်ရယ်၊ သုံးယောက်သား ဆုံမိကြတယ်။ ဆရာထွန်းနောင်က တစ်ယောက်တည်းနေရတာ

mgyoe.com

mgyoe.com


ပိုပြီးအရသာရှိနေတဲ့အကြောင်း ပြောပြတယ်။ MRTV-4 က နံနက်တိုင်းလွှင့်လေ့ရှိတဲ့၊ ဆရာတော်အမျိုးမျိုးရဲ့ တရားတော်အမျိုးမျိုးကို နာလေ့ရှိသတဲ့။ ကိုယ်ဖြင့် တစ်ခါမှတောင် မနာဖြစ်ပါဘူး။ ဆရာတော်တွေရဲ့တရားတွေနာပြီး သူ မသိသေးတာတွေ တော်တော်လေးသိရသတဲ့ တစ်နှစ်လောက် မှန်မှန်နာပြီဆိုရင် အရပ်သားစကားနဲ့ ပြောရရင်သင်ရိုး တစ်ခု ကျွတ်လောက်ပြီပေါ့။

အခုရုပ်မြင်သံကြားတွေက အစီအစဉ်အမျိုးမျိုးရှိတာရယ် ရွေးချယ်ကြည့်စရာတွေ ရှိတာရယ်ကြောင့် တစ်ခါတလေကြည့်မိရင်ကို အတော်လေးအကျိုးရှိတယ်၊ ထိုင်ရာမထသိနိုင်တယ် ဆိုပြီး သဘောကျမိပေမဲ့ ရုပ်မြင်သံကြားစက်ရှေ့မှာ ကြာကြာ မထိုင်ဖြစ်တော့ သိပ် အကျိုးမများလှ။ ဒါတောင် အခုတလော မကြည့်စဖူး ကိုရီးယားကားကြည့်ဖြစ်ပေမဲ့၊ ပေရှည်နေတာတွေ၊ ဆွဲဆန့်နေတာတွေကို သိပ်ပြီးသည်းမခံနိုင်ပါ။

> ဒီခေတ်မှာ လေ့လာဆည်းပူးစရာ အခွင့်အလမ်းမရှိဘူး။ မွန်းကျပ်မှုတွေကို ပြေပျောက်စရာ မရှိဘူးလို့ပြောရင် ကိုယ်တွေခဲ့ရတဲ့ သာဓကလေးတွေကိုကြည့်ပြီး ပညာယူစရာနည်းပညာတွေရော ပျော်ပြေမှုအတွက် သုံးစရာတွေရော အများကြီးပါ။ ဘာမှုမလုပ်ဘဲ၊ ကိုယ့်ကိုယ်ကို ပျော်ပြေမှုမလွှန်ကဲ အပ်ပူးလို့ ယူဆမိပေမဲ့ လေ့လာဆည်းပူးမှု လွန်ကဲတယ်ဆိုတာမျိုးတော့ မတွေ့ဘူးသေးပါဘူး။

ဒီခေတ်မှာ အခန်းထဲငြိမ်ငြိမ်လေးထိုင်နေပြီးတော့တောင် ပညာဆည်းပူးစရာတွေက အများကြီးပါ။ ရုပ်ရှင်ကားတွေထဲမှာတောင် သင်ခန်းစာယူစရာကလဲအများသားပါ။ ပြီးတော့ ပညာယူဖို့ဖြစ်သလို ပျော်ပြေရေးအတွက်လည်း ကြည့်စရာတွေက အများသား။ ကိုယ့်ခေတ်တုန်းက ရေဒီယိုလောက်ပဲရှိတာကိုး။ ဒါတောင် အိမ်မှာ ရေဒီယို နှစ်လုံး သုံးလုံးရှိနေတာကို လာလည်တဲ့သူ တစ်ယောက်ကတွေ့ပြီး တအံ့တဩဖြစ်လို့။ ကက်ဆက်ကျတော့ တော်တော်နဲ့ကို မဝယ်ဖြစ်ပါဘူး။ နောက်တော့တရားနာချင်တာရယ်၊ အင်္ဂလိပ်စာအခွေနားထောင်ချင်တာရယ်ကြောင့် ကက်ဆက် ဝယ်ဖြစ်၊ နားထောင်ဖြစ်တယ်။

ရုံးမှာ တစ်ပတ်လုံးလုံး တစ်နေ့လုံး အင်တာနက်ရှေ့ထိုင်နေပေမဲ့ တစ်ခါတလေရုံးက စောစောပြန်တဲ့အခါရယ်၊ ရုံးပိတ်ရက်တွေမှာရယ် အင်တာနက်မကြည့်ရရင်မနေနိုင် မထိုင်နိုင်ဖြစ်ပြီး အင်တာနက်ကဖေး လိုက်ရှာဖြစ်တယ်။ လှည်းတန်းမှာ အင်တာနက်ကဖေးတွေကလည်း ခပ်များများ၊ ဒါပေမဲ့ ဘယ်ဆိုင်သွားရမှန်းမသိချိန်မှာ တပည့်ဟောင်းတစ်ယောက်နဲ့တွေ့ပြီး သူတို့ဆိုင်လိုက်သွားတာ အခုဆို အသင်းဝင်တောင် ဖြစ်သွားပြီ။ ဆိုင်ကမြေညီထပ်မှာလည်းဖြစ် လာကြည့်တဲ့သူတွေက အများသား။ ည ၉ နာရီလောက်အထိ အနီးအနားမှာနေတဲ့သမီးငယ်တွေက

mgyoe.com

အကြည့်များတာတွေ့ရတယ်။

တစ်ရက်မှာ မိတ်ဆွေကိုဗလနဲ့လိုက်သွား ပြီးတော့ ဆရာမျိုးအိမ် ဆက်လိုက်သွားတော့ သူတို့လမ်းတစ်လမ်းလုံး Game ဆိုင်တွေချည်းပဲ။ ကိုယ်ရောက်ဖူးတဲ့လမ်းပေမဲ့ မှတ်တောင်မမှတ်မိဘူး။

ဒီခေတ်မှာ လေ့လာဆည်းပူးစရာ အခွင့်အလမ်းမရှိဘူး။ မွန်းကျပ်မှုတွေကို ဖြေဖျောက်စရာမရှိဘူးလို့ပြောရင် ကိုယ်တွေ့ခဲ့ရတဲ့ သာဓကလေးတွေကိုကြည့်ပြီး ပညာယူစရာနည်းပညာတွေရော ဖျော်ဖြေမှုအတွက် သုံးစရာတွေရော အများကြီးပါ။ ဘာမှုမလုပ်ဘဲ၊ ကိုယ့်ကိုယ်ကို ဖျော်ဖြေမှုမလွန်ကဲ အပ်ဘူးလို့ ယူဆမိပေမဲ့ လေ့လာဆည်းပူးမှု လွန်ကဲတယ်ဆိုတာမျိုးတော့ မတွေ့ဖူးသေးပါဘူး။ ကိုယ်သာဆန္ဒ ရှိနေမယ်ဆိုရင် ကိုယ့်စွမ်းအားတွေဖြည့်စရာ၊ ပြန်ဖြည့်စရာနည်းပညာတွေ၊ အခွင့်အလမ်းတွေ၊ လက်တစ်ကမ်းမှာ ရှိနေတယ်လို့ ထင်မိပါတယ်။

■

mgyoe.com

mgyoe.com

# ၅ ဟာသဓာတ်ခံရှိလျှင် အလုပ်ပိုမြဲသည်

အလုပ်မြဲချင်လျှင် မြဲအောင်လုပ်ပါ၊ ဟာသဓာတ်ခံရှိပါ။ 'ပေ့ါပေ့ါပါးပါးနေပါ၊ ထိုးကြိတ်ထားသော ရုပ်အကျီတွေ၊ ကြာကြာမခံ' ဟူသော အောင်မြင်ရေး မဂ္ဂဇင်း၌၊ ရော်ဂါအေးလ်စ် ရေးသည့် ဆောင်းပါးသည် ထိုအကြောင်းကို 'ကျွန်တော်နှင့်တွေ့ရန်သည့် အချို့ ဖောက်သည်တွေအတွက် ကျွန်တော်ပေးသောအကြံကို တိုတိုပြောပြောရလျှင် 'ပေ့ါပေ့ါပါးပါးနေပါ' ဟု ပြော၍ရသည်။ ၀ှကျကျရှိလှသော်လည်း ကိုယ့်အလုပ်ခွင်သည် ကိုယ်ပေ့ါပေ့ါပါးပါးနေဖို့ အလေးအနက်ထားသည့် အပေါ်တွင်မူတည်သည်' ဟုရေးထားသည်။

အမှုဆောင်အရာရှိများကို အလုပ်ရှာဖွေခန့်ထားသော လုပ်ငန်းတစ်ခု၏အလိုအရ၊ အလုပ်ပြုတ်သူ ၁၀ ယောက်တွင် ၇ ယောက်သည်၊ ကျွမ်းကျင်မှုမရှိ၍မဟုတ်၊ ကိုယ်ရည်ကိုယ်သွေးတွေ ပဋိပက္ခဖြစ်ကုန်၍ ဖြစ်သည်။ အမှုဆောင်အရာရှိတစ်ယောက်အနေဖြင့် အလတ်တန်းနှင့် အထက် စီမံခန့်ခွဲရေး တာဝန်များကို ထမ်းဆောင်ရသောအခါ လုပ်ရည်ကိုင်ရည်ထက်၊ ဆက်ဆံရေး စွမ်းရည်နှင့် လုပ်ချင်ကိုင်ချင်စိတ်ဖြစ်အောင် လုပ်ပေးနိုင်စွမ်းတို့ အပေါ်မူတည်ပြီး ရာထူးတက်ရခြင်း ဖြစ်သည်။ အထက်လူကြီးများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံရေးသည်လည်း အရေးကြီးသည်။ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် အထက်လူကြီးတွေက ကိုယ်ကြိုက်သည့်သူတွေကို ရာထူးတိုးပေးကြသည်။

mgyoe.com

စီးပွားရေးလောကတွင် တစ်ယောက်ယောက်ကို မကြိုက်ရဆုံးအကြောင်း တစ်ခုရှိသည်။ ထိုအချက်မှာ ကိုယ့်ကိုယ်ကို သိပ်အလေးအနက်ထားလွန်းခြင်း၊ ဟာသ ဓာတ်ခံမရှိခြင်းပင်ဖြစ်သည်။

ဘီမာဆန်က 'ကမ္ဘာကြီးကို၊ ငြိမ်ငြိမ်ဆိမ်ဆိမ်၊ တိတ်တိတ်ဆိတ်ဆိတ် အုပ်ချုပ်မည်ဆိုလျှင် ပျော်အောင်လုပ်ပေးရမည်' ဟုဆိုခဲ့သည်။ ဟာသဓာတ်ခံရှိခြင်းက မိမိသည်လူတစ်ယောက်ဖြစ်ကြောင်း ပြသနေသည်။ မှတ်တမ်းများအရ၊ ကျွန်တော်တို့အားလုံးသည်၊ လူဆန်သောလူတွေနဲ့ အလုပ်လုပ်လိုကြောင်းတွေ့ရသည်။ ဟာသဓာတ်ခံနှင့်ရယ်သောမှုတို့၏ အကျိုးကိုလူသိများသည်။

၁၉၉၂ ခုနှစ်မတ်လထုတ် Florida Trend မဂ္ဂဇင်း၌ အတိုင်ပင်ခံ Leslie Gilson က ကုမ္ပဏီလောက ဟာသတစ်ခု အကြောင်းပြောပြရာ စိတ်ဝင်စားစရာ အချက်အလက်တွေပါ သည်။ ၄ နှစ်သား ကလေးတစ်ယောက်သည် တစ်နေ့လျှင်အကြိမ် ၄၀၀ ခန့်ရယ်ပြီး လူကြီးတစ်ယောက်သည် ၁၅ ကြိမ် ၁၆ ကြိမ် ခန့်သာရယ်သည်ဟု ဆိုသည်။

ထိုအဖြစ်မျိုးသည် တကယ်တော့ရှက်စရာကောင်းသည်။ Gilson က 'ရယ်မောခြင်းသည် စီးပွားရေးလုပ်ငန်းအတွက်လည်းကောင်းသည်' သောကတွေကိုလျော့ပါးစေသည်။ ဆွေးနွေးတင်ပြမှုတွေကို အသက်ဝင်စေသည်။ ၁၅ စက္ကန့်ခန့် ရယ်လိုက်လျှင်ပင် ဦးနှောက်ထဲသို့၊ အောက်ဆီဂျင် ဓာတ်တွေ ပိုရောက်ကာ။ ပိုပြီးရှင်းရှင်းလင်းလင်း တွေးစေနိုင်သည်။ ဂစ်အဆန်က 'ရိုင်းစိုင်းသော၊ သူတစ်ပါးကို ဒုက္ခပေးလိုသော လှောင်တတ်သော' ဟာသမျိုးတွေမလုပ်ရန် သတိပေးသည်။ အခန်းထဲတစ်ယောက်ယောက်ဝင်လာလျှင် ဆုံးအောင်ပြော၍မရသော ပြက်လုံးတစ်ခု မထုတ်ရန်၊ သူကပြောသည်။ အလုပ်ခွင်၌ဟာသကို အကျိုးအရှိဆုံးသုံးနိုင်သည်နှင့် ဟန်ဆောင်မှုတွေကို ဘေးဖယ်ကာ တန်းတူရည်တူစိတ်ဓာတ်ကို ဖန်တီးသည့် နည်းပင်ဖြစ်သည်ဟု ဆိုသည်။

ဘီမာဆန်က "ကမ္ဘာကြီးကို၊
ငြိမ်ငြိမ်ဆိမ်ဆိမ်၊
တိတ်တိတ်ဆိတ်ဆိတ်
အုပ်ချုပ်မည်ဆိုလျှင်
ပျော်အောင်လုပ်ပေးရမည်" ဟု
ဆိုခဲ့သည်။
ဟာသဓာတ်ခံရှိခြင်းက
မိမိသည်လူတစ်ယောက်
ဖြစ်ကြောင်း ပြသနေသည်။
မှတ်တမ်းများအရ၊ ကျွန်တော်တို့
အားလုံးသည်
လူဆန်သောလူတွေနဲ့
အလုပ်လုပ်လိုကြောင်း
တွေ့ရသည်။
ဟာသဓာတ်ခံနှင့်ရယ်သောမှုတို့၏
အကျိုးကိုလူသိ များသည်။

mgyoe.com

mgyoe.com

# ၆ ၂၀၀၉ စီးပွားရေး နိုဘယ်လ်ဆုရှင်များ

၂၀၀၉ ခုနှစ်အတွက် နိုဘယ်လ်ဆုတွင် စီးပွားရေးဆိုင်ရာ ဘာသာရပ်အတွက်၊ အိုလီဗာဝီလျံ ဆမ် (Oliver Williamson) နှင့် အီလီနာ ဩစထရွန်တို့ ပူးတွဲရရှိကြသည်။ နှစ်ဦးစလုံးသည် အမေရိကန် ပါမောက္ခများ ဖြစ်ကြသည်။

ပါမောက္ခဝီလီယံဆမ်သည် လုပ်ငန်းတစ်ခု၏ နယ်နိမိတ်၊ ထိုလုပ်ငန်းများအတွင်း စီးပွားရေး လုပ်ငန်းများလုပ်ရသည့် အကြောင်းတရားများကို အလေးထားလေ့လာသည်။ သူက 'တစ်ခါတစ်ရံ ရာထူးအနိမ့်အမြင့်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် ဈေးကွက်ကို လွှမ်းမိုးတတ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပဋိပက္ခများဖြေရှင်းရာတွင် စရိတ်သက်သာသောကြောင့် ဖြစ်သည်ဟု သူက ဆိုသည်။ စွမ်းအားစုတစ်ခုကို အကောင်းဆုံး မည်သို့အသုံးချသင့်ကြောင်း ဝန်ထမ်းနှစ်ယောက်အငြင်းပွားလျှင် လုပ်ငန်းတွင်းတွင်တင်ပြပုံအမိန့်နာခံပုံ ကွင်းဆက်အရ၊ အမှုဆောင်အရာရှိချုပ် တစ်ယောက်ထံရောက်သွားပြီး ဘယ်သူမှန်ဘယ်သူမှားသည်ကို ဆုံးဖြတ်သည်။ သို့သော်ဈေးကွက်၌ဆိုလျှင် နှစ်ယောက်စလုံးက သဘောတူညီချက်ရရန် စေ့စပ် ညှိနှိုင်းယူရမည်ဖြစ်ပြီး ထိုသို့လုပ်သည့်အတွက် အချိန်ကုန်ငွေပန်းဖြစ်ရသည်ဟု သူက ဆိုသည်။ ဤနေရာတွင် စေ့စပ်ညှိနှိုင်းသည့်ကိစ္စကို တစ်ခြားသူတစ်ယောက်ယောက်ထံ အပ်နှံခိုင်းစေလျှင် မဖြစ်နိုင်

mgyoe.com

သလောဟု မေးစရာရှိသည်။ တကယ်တော့ တစ်ခြားသူ တစ်ယောက်ယောက်ကို အပ်နှံခိုင်းစေမည် ဆိုလျှင်လည်း အချိန်ပေးရ၊ ငွေကုန်ကြေးကျရှိတတ်သည်။ ကုမ္ပဏီတစ်ခုအတွင်းတွင်မူ ထိုသို့ မဖြစ်ပေ။

ပါမောက္ခ ဩစထရွန်၏ သုတေသနသည် အများဆိုင် သယံဇာတစွမ်းအားစုများကို အုပ်စုလိုက် စီမံခန့်ခွဲမှုနှင့် ပတ်သက်သည်။ သူမ၏တွေ့ရှိချက်များသည် ဆိုရှယ်လစ်ဝါဒ၏ လွှမ်းမိုးမှုကိုသော်လည်းကောင်း ပုဂ္ဂလိကပိုင် အသွင်ပြောင်းလဲမှုကိုသော်လည်းကောင်း ငြင်းပယ်သည်။

အသုံးပြုသူတစ်စုက သဘာဝသယံဇာတများကို ဘုံပိုင်ပစ္စည်းအဖြစ် အသုံးပြုပုံကို သူမက လေ့လာသည်။ အစဉ်အလာအမြင်အရ၊ ဘုံပိုင်ဆိုင်မှုကြောင့် သဘာဝသယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများ ဖြစ်ပေါ်စေသည်။ အများပိုင်ပစ္စည်းအတွက် မည်သူတစ်ဦး တစ်ယောက်တွင်မျှ တာဝန်မရှိသလိုဖြစ်ရသည်။ လူတစ်ယောက်ကောင်း၍လည်း ရလဒ် ထူးခြားမည်မဟုတ်ဟု ယူဆကြသည်။ ရေအိုင်တစ်ခုမှ ငါးဖမ်းကြရာတွင် ငါးဖမ်းသူတစ်ယောက်သည် လျှော့ဖမ်း၍အကျိုး မရှိနိုင်၊ ပိုဖမ်းခြင်းသည်သာ သူ့အတွက် ပို၍အကျိုးရှိသည့် နည်းဖြစ်သည်ဟု တွက်ကာ ငါးဖမ်းသူတိုင်းက ငါးတွေ ပိုဖမ်းသည့်ကိစ္စကို ဥပမာပေးလေ့ရှိကြသည်။

ထိုပြဿနာကို ဖြေရှင်းနိုင်သောနည်းမှာ ၎င်းတို့၏လုပ်ရပ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို စရိတ်သင့်ပြီး ၎င်းတို့ကိုယ်တိုင် ကျခံတာဝန်ယူစေသည့် နည်းဖြစ်သည်ဟု အဆိုပြုကြသည်။ သယံဇာတများကို ပုဂ္ဂလိကလက်သို့အပ်ခြင်း၊ အခွန်ကောက်ခြင်း၊ ခွဲတမ်းသတ်မှတ်ခြင်းကဲ့သို့သော စည်းကမ်းများကို အစိုးရက ချမှတ်အရေးယူနိုင်သည်။

ထိုပြဿနာကို
ဖြေရှင်းနိုင်သောနည်းမှာ
၎င်းတို့၏လုပ်ရပ်ကြောင့်
ထိခိုက်ဆုံးရှုံးမှုများကို
စရိတ်သင့်ပြီး ၎င်းတို့ကိုယ်တိုင်
ကျခံတာဝန်ယူစေသည့်
နည်းဖြစ်သည်ဟု
အဆိုပြုကြသည်။
သယံဇာတများကို
ပုဂ္ဂလိကလက်သို့အပ်ခြင်း၊
အခွန်ကောက်ခြင်း၊
ခွဲတမ်းသတ်မှတ်ခြင်းကဲ့သို့သော
စည်းကမ်းများကို အစိုးရက
ချမှတ်အရေးယူနိုင်သည်။

ပါမောက္ခ ဩစထရွန်၏ လက်တွေ့ သုတေသနအရ ထိုရှင်းလင်းချက်သည် ရိုးစင်းလွန်းအားကြီးသည်။ ကမ္ဘာတစ်ဝန်းတွင် ဘုံပိုင်ပစ္စည်းတွေကို အံ့ဩလောက်အောင် စနစ်တကျ စီမံခန့်ခွဲသည့် သာဓကတွေ အများအပြားရှိသည်။ ဘုံအသုံးပြုနေသူများ ကိုယ်တိုင်က အလွန်အကျွံသုံးစွဲမှုကို ဆန့်ကျင်ဟန့်တားသည့် စည်းမျဉ်းစည်းကမ်းများ ဖန်တီးခြင်း၊ ထိုစည်းမျဉ်း

mgyoe.com

mgyoe.com

စည်းကမ်းများအတိုင်း အရေးယူခြင်းတို့ ပြုလုပ်နိုင်သည်။ ပုဂ္ဂလိကပိုင်ဖြစ်အောင် လုပ်စရာလည်း မလို၊ အစိုးရကလည်း ဝင်ရောက်ထိန်းချုပ်ရန်မလို။ ထိုနည်းလမ်းနှစ်ခုစလုံးသည်လည်း လက်တွေ့ လုပ်ဆောင်ရာတွင် အခက်အခဲရှိသည်။

အာရှတိုက်အတွင်းပိုင်းရှိ မြက်ခင်းများကို အစိုးရကသော်လည်းကောင်း ပုဂ္ဂလိကသော်လည်းကောင်း၊ စိုးရိမ်ပူပန်စရာမလိုဘဲ အုပ်စုတွေက ကောင်းကောင်းစီမံခန့်ခွဲ နိုင်ကြသည်။ အစိုးရတွေ၊ ကုမ္ပဏီတွေက စွမ်းအားစုများကြောင့် ဖြစ်ပေါ်လာမည့် လူတစ်ယောက်စီ၏ အကျိုးစီးပွားကို စိတ်ဝင်စားခြင်းမရှိ၊ မိမိတို့အကျိုးအတွက်သာ အသုံးချပြီး အသုံးချမှုအကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်မည်မဟုတ်။ အုပ်စုတွေက မိမိ မိသားစု၊ မိမိရပ်ရွာရှင်သန်ရေးအတွက် စွမ်းအားစုတွေကို အကောင်းဆုံး အမြင့်ဆုံးအသုံးချသည်ဟု ပါမောက္ခက လေ့လာဖော်ထုတ်ခဲ့သည်။

စွမ်းအားစု(သို့) သယံဇာတတစ်ခုကိုပင် အုပ်စုအမျိုးမျိုးယှဉ်ပြိုင်ရယူမှု ရှိခဲ့သော် ပြိုင်ဆိုင်မှုကြောင့် ငြိမ်းချမ်းသော (သို့မဟုတ်) စွမ်းရည်မြင့်မားသော ရလဒ်များပေါ်ထွက်နိုင်ခြင်း ရှိ မရှိ၊ လေ့လာထား မထားကိုမူ မသိရပေ။

ယခင်နှစ်က ဖြစ်ပွားခဲ့သော ကမ္ဘာ့ချေးငွေအကြပ်အတည်းသည် နိုဘယ်လ်ဆုရွေးချယ်ရာ၌ ထည့်သွင်းစဉ်းစားစရာ ဖြစ်မဖြစ်မေးမြန်းရာတွင် ယခင်နှစ်ကဖြစ်ရပ်များအပေါ် အခြေခံပေးခြင်း မဟုတ်၊ ပြုစုအားထုတ်လေ့လာမှုအပေါ် အခြေခံသည်ဟု နိုဘယ်လ်ဆုကော်မတီက ပြောကြားသည်။

■

mgyoe.com

mgyoe.com

# ၇ သွက်လက်လှုပ်ရှား စာနယ်ဇင်းများ

အရင်တုန်းက မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ အောင်အောင်မြင်မြင် ထုတ်ဝေနိုင်ခဲ့တဲ့ ထုတ်ဝေသူ စာရေးသူတစ်ယောက်က အခု ဒီဘက်ပိုင်းမှာ သူ သိပ်လုပ်လို့မရတော့တဲ့အကြောင်း၊ စာနယ်ဇင်း လောကဟာ အင်ကြီးအားကြီးနဲ့ အလုပ်လုပ်တဲ့ခေတ်ကို ရောက်လာတဲ့ အကြောင်း သုံးသပ်ပြောပြတယ်။ သူပြောတာလည်း မှန်ပါတယ်။ သူ ဂျာနယ်၊ မဂ္ဂဇင်းတွေ လုပ်တဲ့အချိန်က ကွန်ပျူတာနှစ်လုံး သုံးလုံး၊ လူနှစ်ယောက် သုံးယောက်လောက်နဲ့ အလုပ်လုပ်ခဲ့တဲ့ခေတ်ပါ။ အခု ဒီဘက်ခေတ်ကျတော့ အင်ကြီးအားကြီးနဲ့ အလုပ်လုပ်ကြတယ်။ ဂျာနယ်မဂ္ဂဇင်းတွေပိုင်တဲ့ တိုက်တွေ၊ ကားတွေရှိလာတယ်။ အကြီး အကျယ်ကြော်ငြာတယ်။ လူအင်အားတောင် ထောင်ချီ၊ ရာချီပြီး ခန့် ထားလာကြတယ်။ မလုပ်တတ်တဲ့သူတွေက ဂျာနယ်တွေ ထုတ်လိုက်၊ ရပ်လိုက်ဖြစ်နေပေမဲ့ လုပ်တတ်တဲ့သူတွေ၊ လုပ်နိုင်တဲ့သူတွေကျတော့ ဂျာနယ်တစောင်ပြီး တစ်စောင် တိုးချဲ့လုပ်ကိုင်လာတာ တွေ့ရတယ်။

ဂျာနယ်လစ်ဘဝ၊ သတင်းထောက်ဘဝနဲ့ အသက်မွေး ဝမ်းကျောင်းပြုနေကြတဲ့သူတွေ၊ ပြုကြမယ့် သူတွေကလည်းအများကြီး။ နိုင်ငံတကာထိပ်သီးဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေ၊ ဒေသဆိုင်ရာ အစည်းအဝေးတွေကိုပါ၊ တက်ရောက်သတင်းရယူနေကြတာတွေကို အခုအများကြီး တွေ့မြင်နေရပါပြီ။ သတင်းထောက်တွေ၊ အယ်ဒီတာ တွေ ထဲမှာကိုက နိုင်ငံခြားပညာတော်သင်က ပြန်လာတဲ့သူတွေ၊

mgyoe.com

သင်တန်းတွေ၊ ကျောင်းတွေတက် နေတဲ့သူတွေ၊ တက်မယ့်သူတွေ အများကြီး ဖြစ်နေတာ တွေ့ရတယ်။

ဂျာနယ်တွေထဲမှာ သတင်းအားပြုတဲ့ ဂျာနယ်တွေများလာခဲ့သလို ဖတ်ရှုတဲ့ပရိတ်သတ်တွေကလဲ အများသား။ လူတွေက သတင်းဆာလောင်နေကြတာကိုး။ ဒီကတစ်ဆင့်တက်လိုက်ပြန်တော့ သတင်းထောက်တွေနေပုံထိုင်ပုံ၊ ရေးသားပုံတွေကိုက၊ သတင်းတွေဖြစ်ပြီး၊ သတင်းထောက်တွေရှောင်ရန် ဆောင်ရန်တွေ၊ ကျင့်သုံးရမယ့် လုပ်ထုံးလုပ်နည်းတွေနဲ့ပတ်သက်လို့ ဝေဖန်ရေးသားမှုတွေလည်း ရှိလာပါတယ်။

ပြည်တွင်းပြည်ပ အတွေ့အကြုံရှိတဲ့သူတွေ၊ တိုင်းရင်းသားတွေ၊ နိုင်ငံခြားသားတွေက စာနယ်ဇင်းပညာနဲ့ ပတ်သက်တဲ့ သင်တန်းတွေ၊ ဟောပြောပွဲတွေ လုပ်လာကြတာကိုတွေ့ရတယ်။ ဒါပေမဲ့လည်း တစ်ဖက်မှာ၊ ထည့်ဖို့သတင်းကို ရေးပေးနေရတာ၊ သူများသတင်းကို ဖြတ်ညှပ်ကပ်ပြီး၊ ကိုယ့်သတင်းလုပ်တာမျိုးတွေကိုလည်း တွေ့ကြုံနေရတယ်။

စာနယ်ဇင်းလောကမှာ ဖတ်ရှုလေ့လာစရာ စာအုပ်တွေအများကြီးထွက်လာခဲ့တာကိုလဲ သိရတယ်။ ဟိုတုန်းက ဖတ်စရာဆိုလို့၊ လူထုဦးလှ၊ ဂါးဒီးယန်း ဦးစိန်ဝင်းနဲ့ တက္ကသိုလ်မြတ်သူတို့ ရေးသားတဲ့ စာအုပ်တွေရှိတယ်။ဒေသကောလိပ်မှာ သုံးခဲ့တဲ့ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း စာအုပ်တွေရှိတယ်။ ဒီဘက်ပိုင်းမှာတော့ ဆရာမောင်ဝံသ၊ ရွှေကူမေနှင်း၊ ညီစေမင်းစတဲ့ ဆရာတွေရေးတဲ့ စာအုပ်တွေ ထွက်လာတာတွေ့ရတယ်။ ဒေါက်တာခင်မောင်ညို–စာနယ်ဇင်းသင်တန်းတက်ရာက ပြန်လာပြီးရေးတဲ့ စာနယ်ဇင်းပညာစာအုပ်ကို ဒုတိယအကြိမ်ပြန်ရိုက်လာတာတွေ့ရတယ်။

ဂျာနယ်တွေမှာလည်း ဆရာကြီးတွေက ဂျာနယ်လစ်လုပ်မယ့်သူတွေဟာ ဥပဒေကို သိရှိနားလည်ရမယ့် အကြောင်း၊ ကျေးဇူးဆပ်ဆောင်းပါးမျိုး၊ သဘောကြွဆောင်းပါးမျိုးတွေ မရေးအပ်တဲ့အကြောင်း၊ ကိုယ်နားမလည်ဘဲနဲ့ နားလည်တဲ့သူကိုသွားပြီး ပညာပေးနေတာမျိုးဟာ မိုးကြိုးပစ်ခံရမှာ ကြောက်စရာ ကောင်းတဲ့အကြောင်းတွေအထိ ရေးသားပုံပြင်လာကြတာ တွေ့ရတယ်။

ဒါကြောင့် စီးပွားရေးလုပ်ငန်းဆန်လာတဲ့ စာနယ်ဇင်းလောကကိုယ်တိုင်က ရေးစရာသားစရာ၊ ဆွေးနွေးစရာ၊ အငြင်းပွားစရာတွေ အများကြီး ပေါ်ထွက်လာခဲ့တာ တွေ့ရပါတယ်။ တကယ်တော့လဲ ဒါတွေဟာ ဂျာနယ်လောကဖွံ့ဖြိုးရှင်သန်ရေးအတွက် လိုအပ်ချက်တွေ၊ ပြင်ဆင်မှုတွေ ဖြစ်တယ်လို့ ကောက်ယူမိပါတယ်။ စီးပွားရေးလောကနဲ့ မြန်မာ့လူနေမှုကို အဆင့်မြင့်စေချင်၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ စာနယ်ဇင်းလောကဟာ၊ ကိုယ့်ရဲ့အဆင့်မြင့်မားရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွေအတွက်လည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

■

mgyoe.com

mgyoe.com

# ၈ ကျွန်တော်တို့ ရွေးရမယ့်လမ်း

ဆရာ သာဂဒိုးနဲ့ ဆရာ စိန်ခင်မောင်ရီတို့ နှစ်ယောက်ရေးတဲ့ ဆောင်းပါး ပေါင်းချုပ်တွေကို စုစည်းထုတ်ဝေတဲ့ 'ကျွန်တော် ဂျာနယ်လစ်' ဆိုတဲ့ ဆောင်းပါးပေါင်းချုပ်စာအုပ်ထဲက အယ်ဒီတာ သင်တန်းဆိုတဲ့ ဆောင်းပါးထဲမှာ သတင်းစာအလုပ်ဆိုတာ တယ်လည်း အကုသိုလ်ကြီးတဲ့ အလုပ်ပါလား၊ တစ်နေ့တစ်နေ့ ဘယ်သူ ဘာဖြစ်ပါ့မလဲ၊ ဘယ်လူကြီးဘာဖြစ်ပါ့မလဲ၊ ဘယ်မြို့ ဘာဖြစ်မယ် မျှော်ရ၊ မျက်နှာဖုံးသတင်းလေးရအောင် ဒီနေ့တစ်ခုခု ကြီးကြီး ကျယ်ကျယ် ဖြစ်ပါစေလို့ ဆုတောင်းရ၊ ဒီနေ့ဘယ်သူတွေ၊ ဘာဖြစ်ပြီး ဘာကို အထိတ်တလန့် လုပ်လိုက်ရပါ့မလဲလို့ တွက်တွက်နေရသတဲ့။

ဒါနဲ့ ကိုယ်တို့ တော်တော်လေး ကံကောင်းနေသေးတာပဲ။ အကုသိုလ်ကြီးတဲ့အလုပ်တွေ မလုပ်ရပါလားလို့ တွေးမိတယ်။

ဆရာသာဂဒိုး ·ဟာသစာစောင်မှာရေးခဲ့တဲ့ ဆောင်းပါးတွေကို စုထုတ်တဲ့၊ 'ကျားများကို မွေးစားခြင်းနှင့် သတင်းစာဆရာဘဝ အတွေ့အကြုံများ' စာအုပ်ထဲမှာတော့ သူတွေ့တဲ့အတွေ့ အကြုံတွေကို တစ်ဖက်လူခံသာအောင် အတို့အဆိတ် အပွတ်လေးတွေနဲ့ ရေးသားတယ်။ အဖုံးအဖွက်ကလေးတွေနဲ့လည်း ရေးထားတယ်။ သွားလေသူ ဆရာများကိုလည်း ထိပါးစော်ကားရာ မရောက်စေလိုဘူးတဲ့။ ဘယ်လို ဖုံးဖုံးလုပ်ထားတာများ၊ ခပ်ဖော်ဖော်လုပ်ချင်စိတ် ပေါ်သတဲ့။

mgyoe.com

 mgyoe.com



ဆရာတို့ခေတ်က သတင်းစာတွေ အပြိုင်အဆိုင်လုပ်ကြတယ်။ ကြိုးစားကြတယ်၊ ကြီးပွားယုံမက တန်ခိုးလည်းထွားကြတယ် ဆိုပါလား မြတ်စွာဘုရား.. တန်ခိုးထွားတော့ ဘာဖြစ်သလဲ၊ ဆရာက သင်ခန်းစာတွေ၊ နိဂုံးတွေပါ ထည့်ပြောသွားတယ်။ သူပြောတာတွေကို ကျွန်တော်တို့ နားဝင်ကြပါ့မလား၊

ဟံသာဝတီသတင်းစာ စောင်ရေများပြီး တန်ခိုးသြဇာကြီးချင်တယ်။ ဗမာ့ခေတ်ကလည်း တန်ခိုးသြဇာကြီးမားပြီး စောင်ရေလည်း များချင်လှတယ်။ ရန်ကုန်သတင်းစာကလည်း စောင်ရေများပြီး လူတွေကြားမှာ တန်ခိုးသြဇာကြီးချင်လှတယ်။ အပြိုင်လုပ်ကြတယ်၊ ကောင်းမယ်ထင်တာတွေ အစုံအကုန်လုပ်ခဲ့ကြတယ်။ အဲဒီတော့ ဘာဖြစ်သလဲ။

ဟံသာဝတီသတင်းစာ
စောင်ရေများပြီး တန်ခိုးသြဇာ
ကြီးချင်တယ်။
ဗမာ့ခေတ်ကလည်း
တန်ခိုးသြဇာကြီးမားပြီး
စောင်ရေလည်း များချင်လှတယ်။
ရန်ကုန်သတင်းစာကလည်း
စောင်ရေများပြီး လူတွေကြားမှာ
တန်ခိုးသြဇာကြီးချင်လှတယ်။
အပြိုင်လုပ် ကြတယ်၊
ကောင်းမယ်ထင်တာတွေ
အစုံအကုန်လုပ်ခဲ့ကြတယ်။
အဲဒီတော့ ဘာဖြစ်သလဲ။
ဝင့်လိုက်တာက
မြန်လိုက်တာ ရိပ်ခနဲပဲ။
သတင်းစာတိုက် ပိုင်ရှင်ကြီး
လင်မယားကိစ္စများပြီး
ခြောက်လုံးပြူးကိုင်
မျက်နှာချင်းဆိုင် စကားပြောရတဲ့
ဘဝရောက်တယ်

ဝင့်လိုက်တာက မြန်လိုက်တာ ရိပ်ခနဲပဲ။ သတင်းစာတိုက်ပိုင်ရှင်ကြီး လင်မယားကိစ္စများပြီး ခြောက်လုံးပြူးကိုင် မျက်နှာချင်းဆိုင် စကားပြောရတဲ့ ဘဝရောက်တယ်။ အင်မတန်ကြီးကျယ်တဲ့ သတင်းစာကြီးလည်း တစ်စစီတစ်ပိုင်းစီ အကျိုးအပဲ့ဘဝကျရောက်ရသတဲ့။

ဒီလမ်းကို သိမြင်လျက်နဲ့ ကြေးမုံပိုင်ရှင်ကလိုက်တော့ သူလည်းဟုန်းခနဲ မီးတောက်ပြီး အလျားမှောက်လဲတယ်။ သူများဒုက္ခ ရောက်ဖို့ရေး၊ သူများ မတရားချောက်ချရေး။ အဲဒါတွေ ဘဝင်ကြွကြွခါးထောက်လျက်က မပျက်အလျားမှောက်ကျသွား ကုန်တာကို ဆရာ သာဂဒိုး တစ်ဘဝဘုံမှာ မြင်ရပေါင်းကများလွန်းလှပြီတဲ့။ ကျွန်တော်တို့ ခေတ်မှာတော့ စာသေးလို့လား၊ ကိုယ်ပဲမသိတတ် မမြင်တတ်လို့ လားမသိ သိပ်မတွေ့ရသေး။

ဗမာ့ခေတ်နဲ့ကြေးမုံနောက်ကို တောက်လျှောက်လိုက်သူနှစ်ဦးရှိသေးတယ်။ သူများဒုက္ခ ရောက်တာနဲ့ ဖွပြီးဖော်ပြီး ကိုယ့်စီးပွားရှာ တတ်သူတွေ၊ ကျောခင်းစရာပင် ဖျာမရှိသည့် ဘဝနှင့်သေရတာတွေ မြင်မြင်နေရပါသတဲ့။

အဲသလိုစာတွေ မရေးမလုပ်တဲ့ ရန်ကုန်သတင်းစာ ဘာဖြစ်သလဲ။ ရန်ကုန်ဟံသာဝတီက ဆို၊ ငါတို့ဟာလူတွေကို ရိုသေပါ၊ လေးစားပါ၊ သူတို့အကျိုးကိုကြည့်ရေးပါဆိုပြီး၊ ကြီးပွား ထွန်းကား၊ သားစဉ်မြေးဆက်စားရတယ်။

ရန်ကုန်သတင်းစာကြီးက လူတွေသိချင်တာ၊ ဘာမဆို

mgyoe.com

ပါအောင် ကြိုးစားဖော်ပြကြ၊ မီးရထားအချိန်၊ မောင်တော်ကားအချိန်ဆိုတာက အစ လူတွေ သိချင်တတ်တော့ အခက်မရှိအောင်၊ ပါအောင် ရေးထည့်တတ်ကြလို့ ဆရာဦးအောင်မြင့်က သတိ ပေးသတဲ့၊ သားစဉ်မြေးဆက်အထိ သတင်းစာ စေတနာထား အကျိုးခံစားရတယ်။ 'ရိုးသား မှန်ကန်မှုဟာ စာနယ်ဇင်းလုပ်စားသူတို့ အကျိုးပြုပါသည်'လို့ ဆရာသာဂဒိုးက မြင်ပါသတဲ့။

အခုဂျာနယ်ပေါင်းစုံတွေ လုပ်တာမြင်ရတာတွေကို 'မာနနှင့်ခါးထောက်လျက်၊ အလျား မှောက်သွားတာမြင်ရမှာ' ထင်တယ် ဆရာသာဂဒိုး ကိုယ်တိုင်ကလည်း သူများကိုသတ်ဖို့ ဖျက်ဖို့ မကြံတတ်လို့ သက်ရှည်ကျန်းမာဖြစ်ရတာ ကိုယ်တွေ့ပါ။

ကျွန်တော်တို့ရော ကိုယ်ချင်းမစာ၊ တွေ့ကရာဗိုလ်ကျနိုင်အောင် တန်ခိုးပြောင်ပြီးမှ သေနတ် တကားကား၊ ကိုယ့်မိန်းမအနားမသွားရဲ ပြေးပွဲဆင်ရတဲ့ ဘဝကိုရွေးမလား၊ သူတော်ကောင်း စိတ်လေးမွေးလို့ဖြောင့်မတ်တဲ့ စာနယ်ဇင်းဆရာလုပ်မလား၊ ဘဝတစ်လျှောက်လုံး ပြုံးပြုံး၊ သက်ရှည်ကျန်းမာနေချင်သလား လူတွေအကျိုးရှိတာ၊ လူတွေသိချင်တာ၊ စေတနာပါပါ ရှာထည့်ပေးကြမလား ကျွန်တော်တို့ လမ်းကို၊ ကျွန်တော်တို့ပဲ ရွေးချယ်ကြဆုံးဖြတ်ကြရမည်။

■

mgyoe.com

mgyoe.com

# ၉ ဟောပြောပွဲများ

၁၁.၁၀.၂၀၀၉ နေ့မှာ လွှင့်မယ့် MRTV-4, SUNDAY TALK အစီအစဉ်အတွက်၊ အရင်လ ကတည်းက၊ ပညာပေးဟောပြောပွဲတွေ အကြောင်းပြောရအောင်လို့ ဆရာ မျိုးမြင့်သူနဲ့ ကြိုညှိထားကြတယ်။ တခြားခေါင်းစဉ်တစ်ခုတော့ရှိပါရဲ့ ဒါပေမဲ့ ဒီအကြောင်းအရာက လူတွေပိုပြီး စိတ်ဝင်စားမယ်ထင်လို့ ရွေးဖြစ်တာပါ။

ဒါနဲ့အခုတစ်လော ဘာအကြောင်းတွေ ဟောနေပြောနေကြသလဲလို့ လိုက်ပြီးစာရင်းချ ကြည့်တယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ ကမ္ဘာ့လူတုတ်ကွေးအကြောင်း၊ အသည်းအဆီဖုံးရောဂါ၊ ရင်သားကင်ဆာ၊ နှလုံးရောဂါ၊ အသည်းရောင်အသားဝါ စီပိုးတွေအကြောင်း၊ ဟောပြောတာတွေ တွေ့ရတယ်။ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (မန္တလေး)က ဟောပြောပွဲလုပ်တာလဲ တွေ့ရတယ်။

ဟိုတုန်းက အတော်လေးစိပ်စိပ်၊ တစ်လတစ်ခါတက်ခဲ့ရတဲ့ ဝါဏိဇ္ဇဗေဒ ဘွဲ့ရသူများ အသင်းက နည်းနည်း ပွဲကျဲသွားတာတွေ့ရတယ်။ ဘဏ်လုပ်ငန်းရှင်များ အသင်းကလည်း ဟောပြော ပွဲတွေလုပ်တယ်။ ဒီနှစ်မှာအများဆုံး ဟောဖြစ်ကြတဲ့ စာနယ်ဇင်းတွေနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ ဌာနတွေကတော့ မိုးလေဝသဌာနနဲ့ အာမခံဌာနတွေ ဖြစ်မယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကလည်း အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဒေသ အစီအစဉ်တွေအကြောင်း၊

mgyoe.com

လူသစ်အရာရှိသစ်တွေကိုပါ ပွဲထုတ်ပြီး ဟောပြောစေခဲ့တာတွေ့ရပါတယ်။

ပုံမှန်ဟောပြောပွဲတွေကတော့ ငါးလုပ်ငန်းအဖွဲ့ချုပ်ကလုပ်တဲ့ နှစ်ပတ်တစ်ကြိမ် ဟောပြောပွဲတွေ၊ တစ်လတစ်ကြိမ်လုပ်တဲ့ ဟိုတယ်လုပ်ငန်းရှင်များအသင်းနဲ့ ကုန်သည်နဲ့စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပြီးတော့ ကွန်ပျူတာပညာရှင်အသင်းနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ဖြစ်မယ်။ အင်ဂျင်နီယာအသင်းက ငလျင်အကြောင်း၊ စွမ်းအင်အကြောင်း ဟောပြောဆွေးနွေးတာတွေကတော့ လူအများနဲ့ရင်းနှီးတဲ့ ဘာသာရပ်တွေပါ။

ပြည်တွင်းအခွန်ဦးစီးဌာနနဲ့ အလုပ်သမားဌာနတွေကလည်း အသိပညာပေးဟောပြောတာတွေ လုပ်လာသလို၊ ပြန်ကြားရေးဝန်ကြီးဌာနကလည်း စာကြည့်တိုက်တွေထူထောင်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး စာငှားကတ်အသုံးပြုရေးတွေအတွက် ဟောပြောပွဲတွေလုပ်တာ တွေ့ရတယ်။

တစ်နေ့ကတော့ ဆရာ အောင်ပီကျယ်တို့က ကလေးပန်းချီပြပွဲနှင့် ကလေးပြုစုစောင့်ရှောက်ရေးဟောပြောပွဲတွေလုပ်တာ တွေ့ရတယ်။

ဝိဇ္ဇာသိပ္ပံပညာရှင်အသင်းကတော့ ၁၀ နှစ် မြောက်အထိမ်းအမှတ်အဖြစ်၊ စွန့်စားတီထွင်စီးပွားရေးလုပ်ငန်းရှင်တွေအကြောင်း အင်္ဂလိပ်စာ၊ ဝိဇ္ဇာဘာသာရပ်များ၊ သိပ္ပံဘာသာ ရပ်များနဲ့ ပတ်သက်လို့ဟောပြောပွဲတွေ လုပ်ခဲ့တာကိုလည်း တွေ့ရတယ်။ ဒီစာရင်းတွေထဲမှာ သဘောၤသားအသင်းနဲ့ တစ်ခြားအသင်းအဖွဲ့တွေ၊ ဌာနဆိုင်ရာတွေ အများကြီး ကျန်ခဲ့ဦးမှာပါ။

ဟိုတုန်းက စာပေဟောပြောပွဲ သက်သက်သာကျင်းပခဲ့ရာက အခုဆိုရင် ဘာသာရပ်ပေါင်းစုံ၊ ကျယ်ကျယ်ပြန့်ပြန့် ဟောပြောနေကြတာ တွေ့ရတယ်။ အစိုးရဌာနအရာရှိတွေ ပညာရှင်တွေ၊ အရပ်ဘက်အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေအားလုံး ဟောပြောဆွေးနွေးကြတယ်။ တက်ရောက်တဲ့ ပရိသတ်လည်း အရေအတွက်အရရော အရည်အသွေးအရပါ များပြားတယ်။ အခကြေးငွေ ပေးတက်ရတဲ့ ဟောပြောပွဲတွေကိုတောင် တက်ဖို့အဆင်သင့်ဖြစ်နေတဲ့ ပရိသတ်တွေ၊ စိတ်အား ထက်သန်မှုတွေကို တွေ့ရတယ်။

ဟောပြောပွဲတစ်ခုရဲ့ အောင်မြင်မှုဟာ အများစိတ်ပါဝင်စားတဲ့ အကြောင်းအရာကို ဟောပြောတဲ့သူက ပရိသတ်နဲ့လိုက်လျောညီထွေဖြစ်အောင် တင်ဆက်နိုင်မှု၊ နားထောင်တဲ့ ပရိသတ်ရဲ့ အရည်အချင်းစတဲ့အချက်တွေ အပေါ်မှာမူတည်ပါတယ်။

မြန်မာ့ရုပ်မြင်သံကြားတို့၊ MRTV-4 တို့လို အသံလွှင့်ဌာနတွေကလည်း ဟောပြောပွဲတွေ၊ ဟောပြောပွဲဆန်တဲ့ ထုတ်လွှင့်ချက်တွေကို ပြုလုပ်ခဲ့တဲ့အတွက် ဟောပြောပွဲယဉ်ကျေးမှု ရေစီးကြောင်းကြီးတစ်ခု ထွန်းကားလာတယ်လို့ ဆိုရမှာပါပဲ။

လောလောဆယ် ဟောပြောပွဲတွေကို ခွင့်ပြုနေတဲ့အဆင့်ကနေ ဟောပြောပွဲတွေကို အားပေးမှု၊ ဦးဆောင်ဦးရွက်ပြုမှု၊ စီစဉ်မှု၊ တိုက်တွန်းမှုတွေပါ၊ ထည့်ပေါင်းလိုက်မယ်ဆိုရင်တော့ ဟောပြောပွဲအရှိန်အဟုန် အခုထက် မြင့်မားဖွံ့ဖြိုးလာနိုင်ပါတယ်။

mgyoe.com

mgyoe.com

# ၁၀ အခြေခံနှင့် လုပ်ငန်းသုံး

သီတင်းကျွတ် ကျောင်းပိတ်ရက် ရုံးပိတ်ရက်တွေနဲ့ ဆုံလို့ထင်ပါရဲ့ ဒီတနင်္ဂနွေနေ့၊ လှည်းတန်းဘက်ရောက်တော့ လူတော်တော်ရှင်းနေတယ်။ ပထမဆုံးစာရေးတဲ့ မိတ်ဆွေ တစ်ယောက် ရောက်လာပြီး၊ သူနဲ့လက်ဘက်ရည်ဆိုင်ထိုင်ကြတယ်။ သူက ဂျာနယ်တစ်စောင်မှာ ဆောင်းပါးတွေရေးသလို ခေါင်းကြီးတွေလည်း ရေးခဲ့တယ်။ သူရေးတဲ့ ခေါင်းကြီးတွေကို ဖတ်မှ ဖတ်ကြရဲ့လားမသိဘူး။ ရေးစရာအကြောင်းအရာတွေလည်း ရှားလာလို့ အခု သူ ခေါင်းကြီး မရေးတော့ဘူးလို့ ဆိုတယ်။

ဒါနဲ့ အဲသလိုမဟုတ်ဘူးထင်တယ်။ ဂျာနယ်တစ်စောင်မှာဆို ခေါင်းကြီးပဲဖတ်တယ်၊ ကျန်တဲ့ဆောင်းပါးတွေမဖတ်တော့ဘူးဆိုလို့ သူများ ကြိုးစားပမ်းစားရေးထားတာတွေမို့ အဲဒါတွေကိုလည်း ဖတ်ကြပါဦးလို့ ပြောရပါတယ်။ ခေါင်းကြီးကို ဂရုစိုက်ရေးရတယ်။ တခြားဆောင်းပါးတွေ၊ ဘာသာပြန်ဆောင်းပါးတွေကို ရေးရတာပိုလွယ်ပေမဲ့၊ ခေါင်းကြီးရေးရတာ အတော်စဉ်းစားရ၊ အချိန်ပေးရတယ်။ လက်သိပ်ဝင်တယ်လို့ ပြောပြဖြစ်ပါတယ်။

နှစ်ယောက်သား ဂျာနယ်ထဲမှာပါတဲ့ အရေးအသားတွေအကြောင်း ရောက်သွားတယ်။ တချို့ဆောင်းပါးတွေဟာ ဘာသာရပ်သဘောအရ၊ အတော်ဆိုးဆိုးဝါးဝါးမှားယွင်းနေတာ တွေ့ရပေမဲ့၊

mgyoe.com

အယ်ဒီတာတွေ၊ အယ်ဒီတာအဖွဲ့တွေက ပြင်နိုင်ဆင်နိုင် တည်းဖြတ်နိုင်တဲ့ အခြေအနေမရှိတာကို တွေ့ရတယ်။ စာဖတ်ပရိသတ် အနေနဲ့ကတော့ ဘာသာရပ်ဆိုင်ရာ ဆောင်းပါးတွေမှာ အမှားအမှန်၊ အကောင်းအဆိုး၊ ရွေးချယ်နိုင်ဆုံးဖြတ်နိုင်ဖို့ ခက်တဲ့အတွက် အယ်ဒီတာတွေမှာ တာဝန်ပိုကြီးလာတယ်။ ဒါပေမဲ့ အယ်ဒီတာတွေကလည်း မတည်းဖြတ်နိုင်တဲ့ အခက်အခဲနဲ့ ကြုံတွေ့ရတယ်လို့ ဆွေးနွေးမိကြပါတယ်။ ဘယ်ဂျာနယ်ထဲမှာ ဘယ်သူရေးတာတွေက ဘယ်လိုဆိုတာမျိုးပါ၊ တိတိကျကျ ဆွေးနွေး ဖြစ်ကြပါတယ်။

ဘာသာပြန် ဆောင်းပါးတချို့မှာ ကိုးတန်း ဆယ်တန်း ကျောင်းသားတွေတောင်သိနိုင်တဲ့ အမှားအယွင်းတွေကို တွေ့ရတတ်တဲ့အကြောင်း၊ စာဖတ်တဲ့သူတွေကကြာရင် အမှားကို အမှန်ထင်သွားနိုင်တဲ့ အကြောင်းတွေပါ ဆွေးနွေးဖြစ်ကြပါတယ်။ ခက်တာ တစ်ခုက ခုအချိန်မှာ အယ်ဒီတာဆိုတာ စာမူလိုက်တောင်းတဲ့ သူလောက်ပဲ အဓိပ္ပာယ်ထွက်နေတာမျိုးကလည်း ရှိနေသေးတော့ သူတို့ကို အပြစ်တင်ဖို့ကလည်း ခပ်ခက်ခက်။

ဘာသာပြန် ဆောင်းပါးတချို့မှာ
ကိုးတန်း ဆယ်တန်း
ကျောင်းသားတွေတောင်သိနိုင်တဲ့
အမှားအယွင်းတွေကို
တွေ့ရတတ်တဲ့အကြောင်း၊
စာဖတ်တဲ့သူတွေက ကြာရင် အမှားကို
အမှန်ထင်သွားနိုင်တဲ့ အကြောင်းတွေပါ
ဆွေးနွေးဖြစ်ကြပါတယ်။
ခက်တာတစ်ခုက ခုအချိန်မှာ
အယ်ဒီတာဆိုတာ စာမူလိုက်တောင်းတဲ့
သူလောက်ပဲ အဓိပ္ပာယ်ထွက်နေတာမျိုး
ကလည်း ရှိနေသေးတော့
သူတို့ကို အပြစ်တင်ဖို့ကလည်း
ခပ်ခက်ခက်

စကားကောင်းနေကြတုန်း၊ တခြားတက္ကသိုလ်ဆရာတစ်ယောက် ရောက်လာတယ်။ သူက ပြန်ကြားရေးဌာနက ထုတ်ဝေတဲ့ နိုင်ငံတကာ သတင်းဂျာနယ် အဝယ်ရခက်တဲ့အကြောင်း၊ ထွက်တဲ့ရက်ရောက်မှ ဝယ်ရင် ဘယ်တော့မှဝယ်မရတဲ့အကြောင်း၊ လုံလုံ လောက်လောက် ပြည့်ပြည့်စုံစုံ၊ ရိုက်နှိပ် ဖြန့်ချိစေချင်တဲ့ အကြောင်း ပြောပြတယ်။

ဒါနဲ့ နိုင်ငံတကာသတင်းနဲ့ပတ်သက်တဲ့ဂျာနယ်တွေအများကြီးရှိရဲ့သားနဲ့ ဒီဂျာနယ်က ဘာသာလို့ ဘာကောင်းလို့လဲ မေးကြည့်မိတယ်။ သူ့အဆိုအရကတော့ အတွေ့အကြုံရှိ၊ သမ္မာရှိတဲ့သူတွေက ဘာသာပြန်ဆိုကြ၊ ပြုစုရေးသားကြတာတွေဖြစ်လို့ အမှားအယွင်း နည်းနိုင်တယ်။

mgyoe.com

ပြီးတော့ ပစ္စုပ္ပန်ကိစ္စ၊ မျက်မှောက်ရေးရာ ကိစ္စတွေသာမက အတိတ် အကြောင်းတွေ၊ သမိုင်းအကြောင်းတွေကိုပါ ဆက်စပ်ဖော်ပြထားတဲ့အကြောင်းအရာတွေကို ဖတ်ရှုရတယ်။ အခုမှ လက်ပူတိုက် ဘာသာပြန်ထားတာမျိုးတွေ မဟုတ်ဘူးလို့ သူက ဆိုတယ်။ ဒီလိုဆိုတော့လည်း သူ ဒိဂျာနယ်ကိုပဲ ကြိုးစားပမ်းစား ဝယ်ယူဖတ်ရှုရတာ အဓိပ္ပာယ်ရှိပါတယ်။

ပြီးခဲ့တဲ့ နှစ်ပတ်သုံးပတ်လောက်ကစပြီး အင်တာနက်မှာ ဖတ်ရတဲ့အကြောင်းအရာလေး တစ်ခုကို သတိရတယ်။ သူက အခြေခံကျကျကျောင်းတွေ တက္ကသိုလ်တွေမှာ သင်ကြားပို့ချပေးတဲ့၊ ပညာဗဟုသုတနဲ့ လတ်တလောလုပ်နေကြတဲ့ လုပ်ငန်းခွင်သုံး ပညာဗဟုသုတရယ်လို့ နှစ်မျိုးခွဲပြတယ်။ အထူးသဖြင့် သူက သတင်းဆက်သွယ်ရေးနည်းပညာ (အိုင်တီ)ကို အလေးထားပြောပေမဲ့ တစ်ခြားဘာသာရပ်တွေ၊ ပညာဗဟုသုတတွေနဲ့လည်း သက်ဆိုင်တယ်။ လုပ်ငန်းခွင်သုံးပညာဗဟုသုတ ရှိသင့်သလောက်ရှိလို့ အလုပ်လုပ်ရနေပေမဲ့ အခြေခံဗဟုသုတ ပြည့်စုံမှုမရှိတဲ့အခါ ဘာကြောင့်လုပ်လို့ လုပ်နေမှန်းမသိ၊ ဒီလိုလုပ်တာကလွဲလို့ ဟိုလိုလုပ်ရ ကောင်းမှန်းမသိတော့တာမျိုးတွေ ဖြစ်တတ်တယ်။ ဒါကြောင့် အခြေခံပညာဗဟုသုတတွေ၊ သီအိုရီတွေကိုလည်း လေ့လာဆည်းပူးသင့်တယ်။ ကျေညက်သင့်တယ်လို့ ပြောချင်တာပါ။ အလုပ်ဖြစ်ရုံလောက် အဖြစ်လုပ်တာမျိုးမဟုတ်ဘူးဆိုရင်တော့ အခြေခံပညာဗဟုသုတတွေ၊ သီအိုရီတွေလေ့လာဖို့ လိုအပ်တာအမှန်ပဲ။

■

mgyoe.com

mgyoe.com

# ၁၁ ရွှေဈေးဘာကြောင့်တက်

တခြားသတ္တုတွေနဲ့ ယှဉ်ရင် ရွှေကိုရင်းနှီးမြှုပ်နှံသူတွေက ပိုပြီး သဘောကျကြတယ်။ အောက်တို ဘာလ ၇ ရက်နေ့တုန်းက ဆိုရင် ရွှေဈေးဟာ တစ်အောင်စကို ဒေါ်လာ ၁၀၅၀ ရောက်သွားလို့ စံချိန်သစ်ဖြစ်သွားတယ်။ တခြားသတ္တုတွေ ဈေးတက်ရင်၊ ဒီလောက် လှုပ်လှုပ်ရှားရှားကြီး ဖြစ်ချင်မှ ဖြစ်မှာပါ။ အခုတော့ ရွှေဈေးတက်တာ ဇရာမသတင်းကြီးဖြစ်လို့ လှုပ်လှုပ်ရှားရှားဖြစ်ကုန် ကြတယ်။

အခုလိုဖြစ်ရတာက ရွှေဟာ တစ်ချိန်တစ်ခါက ကမ္ဘာ့ငွေကြေး စနစ်မှာအခရာကျခဲ့လို့ ဖြစ်တယ်။ ပြီးတော့ ခုအချိန်အထိလည်း လူ အတော်များများက ငွေဖောင်းပွမှုဒဏ်ကိုခံနိုင်ဖို့၊ ကာမိဖို့ ရွှေကိုင်ထား တာဟာ အကောင်းဆုံးလို့ ယူဆနေကြတယ်။ ရင်းနှီးမြှုပ်နှံသူတွေက ရွှေဈေးတက်တာ တကယ်အထိတ်တလန့် ဖြစ်မဖြစ်ကို အစိုးရချေးငွေ စာချုပ်မှာတော့ သက်သေအထောက်အထား တစ်စုံတစ်ရာ မတွေ့ရဘူး။ ငွေဖောင်းပွမှုတက်မယ်လို့ မျှော်လင့်ချက်တစ်ချို့တော့ ရှိတယ်။ (သမား ရိုးကျ ငွေချေးစာချုပ်တွေနဲ့၊ ငွေဖောင်းပွမှုနဲ့ ချိတ်ဆက်ထားတဲ့ ငွေချေး စာချုပ်တွေက ရမယ့်အကျိုး ကျေးဇူး Yield တွေ ကွာဟချက်ပိုကြီးမား လာတာကို တွေ့ရတယ်။) ဒါပေမဲ့ အစိုးရငွေချေး စာချုပ် ဈေးကွက်က တော့ နောင်လာမယ့် အနှစ် ၂၀ လောက်မှာ ပျမ်းမျှငွေဖောင်းပွမှုနှုန်း ၁.၉ % လောက်ပဲရှိမယ်လို့ ခန့်မှန်းထားတယ်။

mgyoe.com

ရွှေဈေး ဘာကြောင့်တက်ရသလဲလို့ ရှင်းပြကြတာတွေ အများကြီးရှိပေမဲ့၊ ယုံကြည်လက်ခံဖို့က ခပ်ခက်ခက် တချို့ကဆိုရင် ဩစတြေးလျနိုင်ငံက အတိုးနှုန်းတွေ မြှင့်လိုက်လို့လို့ တောင်ပြောကြသေးတယ်။ တကယ်တမ်းတော့ ဘာမှုမဆိုင်လှပါဘူး။ ရှေ့မှာကိစ္စတစ်ခု ဖြစ်ပြီးနောက်မှာ တစ်ခြားကိစ္စတစ်ခုဖြစ်ရတဲ့အတွက် ဒီဖြစ်ရပ်နှစ်ခုမှာ ပထမဖြစ်ရပ်ဟာအကြောင်း ဒုတိယဖြစ်ရပ်ဟာ အကျိုးလို့ မဆိုနိုင်ပါဘူး။

ဝယ်လိုအားရောင်းလိုအားတွေကို အသုံးပြုပြီး သမားရိုးကျရှင်းပြတဲ့ နည်းနဲ့လည်း အလုပ်မဖြစ်နိုင်ဘူး။ ရွှေတူးဖော်ထုတ်လုပ်တာတွေဟာ နှစ်တိုင်း၊ နည်းနည်းချင်းတက်နေပေမဲ့၊ လက်ဝတ်ရတနာတွေ၊ ကျောက်မျက်တွေရဲ့ ဝယ်လိုအားက ၁၃.၈ %ကျတယ်။ အဓိက ဝယ်လိုအားကတော့ ရင်းနှီးမြှုပ်နှံမှုအတွက် ဝယ်လိုအားဖြစ်မယ်။ အသေးအဖွဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့၊ အကြီးအကျယ် ရင်းနှီးမြှုပ်နှံသူတွေ၊ အဖွဲ့အစည်းလိုက်ရင်းနှီးမြှုပ်နှံမှု လုပ်တဲ့သူတွေက ရံပုံငွေအဖွဲ့တွေကနေ တစ်ဆင့် ဝယ်ကြတယ်။ ရွှေကိုအတုံးလိုက်ဝယ်ပြီး စုကြတယ်။ ဒီတော့ ရွှေတွင်းတူးကုမ္ပဏီတွေရဲ့ ရှယ်ယာတွေကို ဝယ်လို့ တွေ့ကြုံရမယ့် အန္တရာယ်တွေလျော့သွားတယ်။ ရှုပ်ထွေးနက်နဲတဲ့ ကြိုရောင်းကြိုဝယ်တွေလည်း လုပ်စရာမလိုဘူး။ အရည်အချင်းညံ့တဲ့ မန်နေဂျာတွေနဲ့လည်း ဆက်ဆံစရာမလို ဘူး။ အဲဒီအလုပ်တွေလုပ်ပေးတဲ့၊ စတော့ဒိုင်တွေရဲ့ အညွှန်းကိန်းအပေါ်မူတည်ပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ကြတဲ့ (Exchange Traded Funds ) တွေမှာ အခုဆိုရင် ဒေါ်လာသန်း ၈၇၀၀ တန်ဘိုးရှိတဲ့ ရွှေ ၈.၄ သန်းအောင်စရှိနေပြီ။ လွန်ခဲ့တဲ့ ၂ နှစ်ကထက် ၁၁၀ % တိုးလာတယ်လို့ ဆိုတယ်။

သူတို့ ရွှေဝယ်လွန်းအားကြီးလို့ ရွှေဈေးတက်ရတယ်လို့လည်း မဆိုနိုင်ဘူး။ ဘာဖြစ်လို့ ဒီလောက်တောင်ရွှေကိုင်ချင်နေရတာလဲ၊ အဓိကတရားခံကတော့ ဒေါ်လာဖြစ်နိုင်တယ်။ ရွှေဈေး အတက် ဒေါ်လာဈေးအကျဟာ ရေနံထုတ်လုပ်တဲ့နိုင်ငံတွေက ဈေးနှုန်းသတ်မှတ်ရာမှာ ဒေါ်လာ အစား တစ်ခြားငွေကြေးတစ်ခုကို အစားထိုးသုံးစွဲရကောင်းမလားလို့ ဆွေးနွေးပြောဆိုနေချိန်နဲ့ တိုက်ဆိုင်နေတယ်။ မတ်လကတည်းက ဒေါ်လာဈေးကျနေတော့ ကြောက်တတ်တဲ့ ရင်းနှီးမြှုပ်နှံသူတွေက ရွှေကိုဝယ်ချင်ကြ၊ ဝယ်ကြတယ်။ ရွှေကိုကိုင်ထားရင် အတိုးမရတာမှန်ပေမဲ့၊ အခုလို အတိုးနှုန်း သိပ်နိမ့်နေချိန်မှာ၊ ရွှေကို ကိုင်ထားလို့ နစ်နာစရာထိခိုက်စရာ အကြောင်းမရှိလှဘူး။

ဟောင်ကောင်က ပွဲစားတစ်ယောက်ကတော့ ရွှေဈေးဟာ ၁ အောင်စကို ဒေါ်လာ ၃၅၀၀ ဈေးအထိဖြစ်သွားနိုင်တယ်လို့ ခန့်မှန်းတယ်။ ငွေဖောင်းပွတဲ့နှုန်းကို ဖယ်ပြီး၊ ဝယ်နိုင်စွမ်းအားနဲ့ တွက်မယ်ဆိုရင် အဲဒီဈေးဟာ ရွှေဈေးအမြင့်ဆုံးဖြစ်ခဲ့တဲ့ ၁၉၈၀ ပြည့်နှစ်က ဈေးနှုန်းနဲ့ညီမျှတယ်။ အနောက်နိုင်ငံက ငွေစက္ကူတွေ တန်ဖိုးကျတာကိုကာမိဖို့ ရွှေကိုဝယ်ကြတယ်။ ရွှေဟာ ငွေဖောင်းပွမှု ကိုကာမိရုံသာမက ဘဏ္ဍာရေးပြဿနာတွေ ဖြစ်တဲ့အခါမှာလည်း အကာအကွယ်ရတယ်။ ဒီနေရာမှာ ရွှေနဲ့အစိုးရငွေတိုက်စာချုပ်တွေဟာ အတူတူပဲ။

mgyoe.com

mgyoe.com

# ၁၂ မြေပုံကြောက်သူ

အတော်လေးတော့ကြာသွားပြီ။ Geospark ဆိုသော စာစောင်ကြီးတစ်ခုတွင် ခရီးဒင့် တက်ကနိုလိုဂျီဟူသော ဘာလုပ်မှန်း မသိသည့် ကုမ္ပဏီကြီးတစ်ခု၏ အကြီးအကဲက ဘာသာရပ်ဆိုင်ရာ စာမူတစ်ခုရေးပေးပါ။ မပေးလျှင်ဘာလုပ်မည်၊ ညာလုပ်မည်ဟု ခြိမ်းခြောက်သဖြင့် မလွှဲသာမရှောင်သာ တတ်သမျှမှတ်သမျှ၊ 'မြေပုံ ချစ်သူ' ဟူသော တိုင်းကျိုးပြည်ပြုတစ်ခုမျှမပါသည့် ဆောင်းပါးတစ်ပုဒ် တင်ဆက်ခဲ့ရဖူးသည်။ယခုအခါ အသက်လည်းအတော်အတန် ရလာပြီဖြစ်၍ ဘာတွေရေးခဲ့သည်ကို မမှတ်မိတော့ပါ။ မဖတ်မိသူတွေ၊ မမှတ်မိသူတွေလည်း များမည်ဖြစ်၍ ဘာတွေရေးထားသည်ကို မသိလျှင်လည်း ကိစ္စမရှိ၊ သိ၍လည်း အကျိုးထူးစရာအကြောင်းမရှိပါ။

ဤအတောအတွင်း အဆိုပါကုမ္ပဏီကြီး၏ အကြီးအကဲသည် အမေရိကန်တို့ ပျော်စံရာ နိုင်ငံကြီးတစ်ခုတွင် ဘာပညာသွားသင်သည် ဆိုလား၊ နိုင်ငံတကာ ဘဏ်ကြီးတစ်ခုတွင် ဘာသွား လုပ်သည် ဆိုလား ကြားသိရသည်။ မူလကတည်းကပင် လေလုံးမိုးလုံးကြီးလှသော အဆိုပါပုဂ္ဂိုလ်သည် အိမ်ပြန်လာလျှင် သူပြောပြောနေသည့် ဆတယ် လိုက်တွေပေါ်က ဆင်းတော့မည်မဟုတ်ဟု ကျွန်ုပ်ကြိုတင် တွက်ဆထားခဲ့သည်။

သို့ပါသော်လည်း အဆိုပါပုဂ္ဂိုလ်သည်၊ လူမိုက်ကိုရှောင်ခွာ၍ ပညာရှိကို ဆည်းကပ်ပါ ဟူသော မင်္ဂလာတရားကို အနည်းငယ်မျှ

mgyoe.com

မှတ်မိသယောင်ရှိသည်။ သူကိုယ်တိုင်လည်း ခရီးတွေ လှည့်၊ သူများတွေလည်းလာရောက် ခရီးလှည့်ရန်အလို့ငှာ၊ ခရီးသွား ကုမ္ပဏီတစ်ခုကိုလည်း တည်ထောင်ပြန်သည်။ တည်ထောင်ရ သည်မှာလည်း အတော်ခက်ပုံရသည်။ တည်ထောင်မည် ပြောပြီး နောက်တစ်နေ့တွင် ဆိုင်းဘုတ်တစ်ခု ချိတ်လိုက်ခြင်းဖြစ်သည်။ မြန်မာ့ခရီးသွားလုပ်ငန်း လောကကြီးမြင့်မားလာတော့မည်။

ထိုမှတစ်ပါး သူသိကျွမ်းဆည်းပူးလာခဲ့သော ပညာတွေကို ဖြန့်ဝေခြင်းမပြုလျှင် ပေါက်ထွက်ကုန်မည်စိုး၍ အရပ်ဆယ် မျက်နှာမှ သူကောင်းသား၊ သူကောင်းသမီးတို့လာလော့ကြ ယူလှည့်ကြ ဟု အင်တန်းရှစ်ခေါ် ဟျူးမင်ရီဆော့ဒ်ပ်ဗလိုမင်းခေါ် လုပ်ငန်းကြီး တစ်ခုကိုလည်း စတင် ဆောင်ရွက်မှုပြုလေတော့သည်။

ကျွန်ုပ်အနေဖြင့်ကား သူ၏ ခရီးဒင့်သို့ သွားရောက်၍ မကြာခဏလေ့လာဆည်းပူးမှု ပြုပါသော်လည်း၊ ရှေးကံဉာဏ် ဝိရိယနည်းပါးဟန်ရှိ၍ သူအာပေါက်အောင်ပြောသမျှ သဘော မပေါက်သည်ကသာ များပါသည်။

ပြင်ပလောကတွင်ကား မြေပုံတွေ၊ မြေပုံထဲကစာတွေ နာမည်တွေပိုအရေးပါလာသည်ကို တွေ့ရသည်။ 'အယ်နီညို'တဲ့၊ 'လာနီညာ'တဲ့ 'ဆိုင်ကလုန်း'တဲ့။ မြေပုံပေါ်ကဟာတွေက မြေပုံထဲ မနေ၊ ကျွန်ုပ်တို့အပေါ် ဒုက္ခပေးနေကြလေပြီ။ အဆိုးဆုံးက နာဂစ်ဆိုသော စာလုံးကြီးကြောင့် အိုးမဲ့ အိမ်မဲ့ ရေမဲ့မီးမဲ့ခဲ့ရဖူးပြီ။ တစ်နေ့ကပဲ မိုးနတ်မင်းကြီးအားရပါးရ အစွမ်းပြလိုက်ရာ လမ်းတကာ ရေတွေပြည့်၊ ဘယ်ကားမှသွားမရ ခြေထောက်ကိုသာလျှင်ယာဉ် အဖြစ်အသုံးပြုကာ သွားလာကြရသည်။ မြန်မာပြည်မြေပုံ ခြေ ထောက်အောက်ဘက် ယာဘက်၊ ဝဲဘက်တွေမှာ ဘာတွေများ ဖြစ်နေမည်လဲ သတိထားကြည့်နေရသည်။ ခြေထောက်အောက်က မဟာပထဝီမြေကြီး မခိုင်မြဲကြောင်းလည်း သဘောပေါက်လာ သည်။

ဤသို့ဖြင့် ကျွန်ုပ်ချစ်ခဲ့သော မြေပုံလေးသည် ကြည့်ရင်း ကြည့်ရင်း ကြောက်စရာကောင်းလာသည်။ ငါတို့လူသားများ ကား သဘာဝလောကကို အောင်နိုင်သူများ ဖြစ်သည်ဟူသော အပြောကိုမကြားလိုပဲ ထောင်လွှားနေသော မာန်မာနကို ချိုးနှိမ် လိုပုံရသည်။

ပြင်ပလောကတွင်ကား
မြေပုံတွေ၊ မြေပုံထဲကစာတွေ
နာမည်တွေပိုအရေးပါလာသည်ကို
တွေ့ရသည်။ "အယ်နီညို"တဲ့၊
"လာနီညာ"တဲ့
"ဆိုင်ကလုန်း"တဲ့။
မြေပုံပေါ်ကဟာတွေက
မြေပုံထဲ မနေ၊ ကျွန်ုပ်တို့အပေါ်
ဒုက္ခပေးနေကြလေပြီ။
အဆိုးဆုံးက နာဂစ်ဆိုသော
စာလုံးကြီးကြောင့် အိုးမဲ့ အိမ်မဲ့
ရေမဲ့မီးမဲ့ခဲ့ရဖူးပြီ။
တစ်နေ့ကပဲ
မိုးနတ်မင်းကြီးအားရပါးရ
အစွမ်းပြလိုက်ရာ
လမ်းတကာ ရေတွေပြည့်၊
ဘယ်ကားမှသွားမရ
ခြေထောက်ကိုသာလျှင်
ယာဉ်အဖြစ် အသုံးပြုကာ
သွားလာကြရသည်။

mgyoe.com

ကျွန်ုပ်တို့ကား ကျွန်ုပ်တို့လုပ်သမျှ၊ သဘာဝလောကကြီးခံရမည်ဟု ထင်နေချိန်တွင် သဘာဝလောကကြီးက သင်တို့လုပ်ထားသမျှ၊ သင်တို့သာခံကြရမည်ဟု ဆုံးမလျက်ရှိသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ယခင်ကမကြုံတွေ့ဖူးသော အကြိမ်ကြိမ်မိုးကြိုးပစ်ခြင်း၊ မိုးခေါင်တဲ့ နေရာခေါင်၊ ရေကြီးတဲ့နေရာကကြီးပြီး ရာသီဥတုဖောက်ပြန်ခြင်းဟူသော ဖြစ်ရပ်မျိုးစုံနှင့် တွေ့ကြုံရသည်။ တကယ်တော့ ရာသီဥတုက သူ့အလိုလို ဖောက်ပြန်ခြင်းဖြစ်ပုံမရ။ ကျွန်ုပ်တို့နှိပ်စက်သည့် ဒဏ်ခံရ၍လည်းကောင်း၊ ဖောက်ပြန်အောင်လုပ်လိုက်၍လည်းကောင်း၊ ဖောက်ပြန်သွားရခြင်းဖြစ်ရာ အချောင်သက်သက် နာမည်ပျက်ရပုံရသည်။

ထိုသို့ ကျွန်ုပ်ဉာဏ်မီသမျှ အဖြေထုတ်မိသောအခါ တကယ်ကြောက်စရာကောင်းသူမှာ ရာသီဥတုလည်းမဟုတ်၊ မြေပုံလည်းမဟုတ်။ ကျွန်ုပ်တို့၏လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ မာန်မာနတွေကြောင့် ယခုကဲ့သို့သော အဖြစ်ဆိုးတွေကို ကြုံတွေ့နေရသည်ဖြစ်ရာ၊ ကြောက်စရာကောင်းသည်မှာ ကျွန်ုပ်တို့၏လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ မာန်မာနတွေသာ ဖြစ်ပုံရသည်။

ထိုသို့ဖြင့် ကျွန်ုပ်သည်မြေပုံကိုကြည့်ရှုကာ မြေပုံနှုသတိဘာဝနာကို အဖန်တလဲလဲ ပွားများဆင်ခြင်အပ်သောအခါ မြေပုံ၌တွေ့ရသော ကျွန်ုပ်တို့၏အကုသိုလ်တရားများကို တွေ့မိ၍ တဒင်္ဂမျှ သံဝေဂ ဖြစ်ပေါ်မိလေသတည်း။ တကယ်လည်း ကျွန်ုပ်တို့၏ဘဝတွင်ဘာမျှ ယူမသွားနိုင်၊ မြေပုံသာ ကျန်ရစ်မည့်အဖြစ်ကိုလည်း ကြောက်လန့်မိလှသည်။ မြေပုံကြောက်သော ကျွန်ုပ်တို့သည်၊ ကျွန်ုပ်တို့၏လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ မာန်မာနတွေကို ထိန်းချုပ်ကြရမည့်အကြောင်း သိတင်းကျွတ်အခါသမယ၌ ဉာဏ်မှီသမျှ၊ လက်တို့လိုက်ရပေသတည်း။

■

mgyoe.com

mgyoe.com

၁၃

# ဘန်ကောက်လူနာ

2010

ဆေးရုံတွေနဲ့ပတ်သက်တဲ့ သတင်းတွေ၊ ဝေဖန်ချက်တွေ ထွက်ပေါ်နေချိန်မှာ ကိုယ်ကလည်း လူနာဖြစ်နေလေတော့ ဆေးရုံတစ်ချို့ကို ရောက်ရပြန်တယ်။ ရေးစရာပြောစရာတွေ ရှိပေမဲ့ တခြားလူတွေလည်း အတော်လေးပြောပြီးသားဖြစ်နေလို့ သိပ်မပြောချင်တော့ပါဘူး။ ကိုယ့်ဆေးရုံတွေက ဒီလိုဖြစ်နေချိန်မှာ သူတို့ဆေးရုံ၊ နိုင်ငံခြားက ဆေးရုံတွေမှာရော ဘယ်လိုလဲ၊ ဆရာဝန်တွေ တချို့စာရေးဆရာတွေကို လေ့လာဖို့ ဖိတ်ကြားကြ၊ သွားကြလာကြတာတွေ ဖတ်နေရပေမဲ့ ကိုယ်က နာမည်ကြီး စာရေးဆရာလည်းမဟုတ်၊ ဆရာဝန်လည်း မဟုတ်လေတော့ အဲဒီအထဲ မပါဘူး။ ကိုယ်ခံစားနေရတဲ့ ဝေဒနာနဲ့ပတ်သက်လို့ ပြည်တွင်းမှာပဲ ကြိုးစားပမ်းစား ကုသမယ်လို့ စိတ်ကူးပေမဲ့ မြှောက်ပေးတဲ့သူတွေရှိလေတော့ လူနာတစ်ယောက်အနေနဲ့ လေ့လာရေး ခရီးထွက်ခဲ့ပါတယ်။

ခရီးမထွက်ခင်က ရထားတဲ့ လက်ကမ်းကြော်ငြာတစ်ခုမှာ ဈေးနှုန်းတွေကြည့်လိုက်တော့ ကိုယ့်ဆိနဲ့ သိပ်ကွာမယ်မထင်။ ၂ နာရီအတွင်း အပြီးစစ်ဆေးပေးမယ်၊ စောင့်ဆိုင်းနေချိန်မှာ ခြေထောက် အနှိပ်ခံချင်ခံ၊ အင်တာနက်သုံးချင်သုံးတဲ့ဆိုတော့ စိတ်ဝင်စားသား။ ဆေးရုံတစ်ခုကတော့ လူနာကို မာစီဒီးကားနဲ့ အကြိုအပို့လုပ်မယ်ဆိုလို့ မာစီဒီးကားစီးရတာ မစီးရတာက အရေးမကြီးဘူး။ ဈေးသက်သာတာက အရေးကြီးတယ်လို့ ပြန်ပြောရပါသတဲ့။

mgyoe.com

ကိုယ်တိုင် လူနာအဖြစ်နဲ့လာမှပဲ တစ်ခြားရောက်နေတဲ့ လူနာတွေအများကြီးရှိတာကို တွေ့လာရတယ်။ သူတို့ဆီက ကြားရသမျှဇာတ်လမ်းအတော် များများမှာ၊ ဒီရောက်မှ တကယ့်ရောဂါရဲ့ ဇစ်မြစ်ကို သိရတယ်ဆိုတာပါပဲ။ ဇစ်မြစ်ကိုသိရပြီဆိုတော့ မူလကုထုံးအတိုင်း ဆက်ကုဖို့ မလိုတော့တာ တွေ့ရတယ်။ ဒါမှမဟုတ် ကုထုံးပြောင်းတာတွေ တွေ့လာရပါတယ်။

ကိုယ်ကတော့သွားဟ သွားဟဆိုလို့သာ ထွက်လာရ၊ စရိတ်သိပ်ကြီးလို့ မတတ်နိုင်ဖြစ်မယ်လို့ သတိပေးတဲ့သူကပေးရဲ့။ အဖော်မပါ လူနာစောင့်မပါပဲ သွားလို့ဖြစ်ပါ့မလား လို့မေးတဲ့လူကမေးရဲ့။ ကံအားလျော်စွာ၊ ဆရာဝန်တစ်ယောက်က သူကိုယ်တိုင်လိုက်ပို့ပါ့မယ်ဆိုလို့ ထွက်လာခဲ့တယ်။ ဓာတ်မှန်နဲ့ဆေးစစ်ချက်တွေကို အင်တာနက်ကနေ လှမ်းပို့ရာမှာ ဆေးရုံတစ်ရုံက အကြောင်းပြန်တဲ့ ခန့်မှန်းစရိတ်က ခြေနိုင်လက်နိုင်ဖြစ်နိုင်တာရယ်၊ ဝေဒနာသိပ်မခံစားချင်တာရယ်ကြောင့်လည်း ထွက်လာဖြစ်တာပါ။

ရယ်စရာပြောရရင် ဘန်ကောက်ဆိုတာဖြတ်သွားဖြတ်လာ လုပ်နေတဲ့နေရာလောက်ပဲ သဘောထားမိတယ်။ မြို့ထဲရောက်တာ လွန်ခဲ့တဲ့ ၂ နှစ်လောက် ဖိလစ်ပိုင်အစည်း အဝေး သွားတုန်းက ထင်ရဲ့၊ ရယ်စရာမောစရာပြောကြတဲ့အခါ ငါဒီနှစ်ထဲ နိုင်ငံခြားမသွားရသေးဘူးလို့ ပြောမိတာနဲ့ အမြင်ကတ်တဲ့ ကံကြမ္မာက ဘန်ကောက်ကိုပို့လိုက်ပုံရပါတယ်။

ပြီးတော့ ခါတိုင်းခရီးထွက်တဲ့အခါ အင်္ဂလိပ်လိုပြောတဲ့နိုင်ငံတွေကို သွားရတာမို့ သိပ်အပန်းမကြီးလှဘူး။ ဘန်ကောက်ကိုတော့ ခပ်ကြောက်ကြောက်ပါ။ စကားမပေါက်တာက များတယ်လေ။ ခါတိုင်းခရီးထွက်ရင် စာတမ်းတင်ဖို့သွားတာတွေဖြစ်လို့ သူများက စရိတ်အကုန်ခံခေါ်မှ သွားနိုင်တာပါ။ အခုကျ ကိုယ့်စရိတ်နဲ့ကိုယ်သွားရမယ်။ လူနာတစ်ယောက်အနေနဲ့ သူများ (ဆရာဝန်) လုပ်သမျှခံရမယ်ဆိုတော့လည်း သတ္တိဘယ်ကောင်းနိုင်ပါ့မလဲလို့ ဆင်ခြေပေးမိတယ်။

လေယာဉ်လက်မှတ်ဝယ်တာ၊ ပြည်ဝင်ခွင့်တောင်းတာတွေ အားလုံးကို ဆရာဝန်က လုပ်ပေးတာမို့ ကိုယ်က အဆင်သင့်လိုက်လာရုံပါပဲ။ ဘန်ကောက်ရောက်တော့ စရိတ် သက်သက်သာသာ တည်းနိုင်၊ မြန်မာလိုပြောလို့ဆိုလို့ရတဲ့ တိုက်ခန်းတွေဝင်ငှား၊ ပစ္စည်းတွေချပြီး ဆေးရုံတစ်ရုံကို ဝင်တယ်။ ဆရာဝန်နဲ့တွေ့ခွင့်ကိုလည်း ကြိုခွင့်တောင်းထားတယ်။ မြန်မာလို့ လူနာအသစ်မှတ်တမ်းကို ဖြည့်လိုက်တာနဲ့ မြန်မာစကားပြန် အမျိုးသမီးလေးတစ်ယောက်ရောက်လာပြီး သူခေါ်ဆောင်ရာကို လိုက်ကြရတယ်။ ခဏလောက်စောင့်ပြီးတော့ ဆရာဝန်နဲ့တွေ့တယ်။ ဒီဆေးရုံက ပို့ထားတဲ့အီးမေးလ်ကို အကြောင်းမပြန်ဘူး။ ဓာတ်မှန်တွေကို သေသေချာချာဖတ်လို့ မရဘူးနဲ့ တူတယ်။ အခုတော့တော့ဆိုင်ဆိုင် တွေ့ကြပြောကြတယ်။ သူကလည်း ရွေးစရာနည်းလမ်းတွေ အမျိုးမျိုးကို ပြောပြတယ်။ ပြီးတော့ စရိတ်ဘယ်လောက်ကုန်မယ်မှန်းသလဲလို့ မေးကြည့်တယ်။ သူ့အဖြေက ကိုယ်မှန်းတာထက် နှစ်ဆလောက်များနေတော့ ပြန်တာပဲကောင်းမယ်လို့ တွက်မိတယ်။

နောက် ဆေးရုံတစ်ရုံကတော့ ကိုယ်တည်းခိုတဲ့နေရာကို ကားလွှတ်ပြီးကြိုတယ်။ ယူလာတဲ့ ဓာတ်မှန်တွေ ကြည့်လိုက်တော့ ထင်တာထက်ပိုဆိုးနေတယ်။ မူလက အပြင်လူနာအနေနဲ့ပဲ စဉ်းစား

ရယ်စရာတစ်ခုကတော့ ခွဲစိတ်ခန်းဝင်ကာနီး အဝတ်အစားလဲ၊ တွန်းလှည်းပေါ်တင်ပြီး ကောင်တာရှေ့မှာ ခဏစောင့်နေတယ်။ ညှိနှိုင်းရေးမှူး မြန်မာအမျိုးသမီးနဲ့ ဆရာဝန်ကနေရမယ့် အခန်းကိုသွားကြည့်ကြတယ်။ သူတို့ကို ဖုန်းခေါ်တာလည်း မရဘူးတဲ့။ နောက်သူတို့ပြန်လာမှ စကားပြောဖြစ်ကြတယ်။ မေ့ဆေးဆရာဝန်က ကိုယ့်ကိုရှင်းပြမလို့ဟာ အင်္ဂလိပ်လိုမတတ်ဘူး ထင်လို့တဲ့ ဥပမိရုပ်များပြောပါတယ်။ နိုင်ငံတကာသွားလာသမျှ ဘန်ကောက်ကျမှ အင်္ဂလိပ်လို မပြောတတ်ဘူးလို့ အထင်ခံရတာဆိုးသဗျာ။

ရာက အခု တစ်ညအိပ်အတွင်းလူနာအဖြစ်နဲ့ စဉ်းစားတော့၊ စရိတ်တွေလည်း တက်ကုန်တော့တာပေါ့။ ဒီမှာလည်း မြန်မာ အမျိုးသမီး ညှိနှိုင်းရေးမှူးရှိတယ်။

ပထမဆေးရုံက မြန်မာအမျိုးသမီးကတော့ ဘာသာပြန် ပေးဖို့ပဲထင်ပါရဲ့။ ဒုတိယဆေးရုံက မြန်မာတာဝန်ရှိ အမျိုးသမီး ကျတော့ လုပ်ပိုင်ခွင့်ပိုရှိပုံရတယ်။

တွက်လိုက်တဲ့စရိတ်တွေက အရင်ဆေးရုံလောက်မများ ပေမဲ့ မူလခန့်မှန်းတာထက်နှစ်ဆလောက် ဖြစ်နေသေးတယ်။ ကိုယ်ကတော့ စိတ်နှလုံးဒုံးဒုံးချလိုက်ပြီ။ ပြန်ပြီး အနာခံကုတော့ မယ်ပေါ့။ မြို့ထဲရောက်တုန်းရောက်ခိုက် ဘုရားဖူးမယ်ဆိုပြီး မြဘုရားနဲ့လျှောင်းတော်မူဘုရားတစ်ဆူကို သွားဖူးတယ်။ နာမည် ကျော် Avatar ဆိုတဲ့ သုံးဖက်မြင်ဇာတ်ကား သွားကြည့်တယ်။ ၂ နာရီ ၄၅ မိနစ် လောက်ကြာတဲ့ဇာတ်ကား အိပ်ပျော်သွားမလား လို့ ထင်ရပေမဲ့ တစ်စက်မှမနားရဘူး။ ဇာတ်ကားထဲက အရုပ်တွေ က ကိုယ့်ရှေ့ရောက်လာလိုရောက်လာ၊ ပစ်ကြ ခတ်ကြတာတွေက ကိုယ့်မျက်နှာရှေ့တည့်တည့်ရောက်လာလို့ ရှောင်လို ရှောင်ရနဲ့ ဇာတ်ကားပြီးတော့ လူက လန်းလို့။

စရိတ်တွေ ဘယ်လောက်ကုန်မယ်မှန်းမသိ၊ စရိတ်က လည်းကြီးနိုင်တာကြောင့် စာအုပ်တောင် သိပ်မဝယ်ပါဘူး။ စာအုပ် ၂ သိန်းလောက်ရှိတဲ့ စာအုပ်ဆိုင်ထဲဝင်ပြီး ကိုယ့်အတွက် ၁ အုပ်၊ သမီးအတွက် ၁ အုပ်ပဲ ဝယ်လာခဲ့ပါတယ်။ ရုပ်ရှင်က အထွက်မှာ မင်းသားမင်းသမီးတွေကို လူအုံနေတာ၊ အင်တာဗျူး လုပ်နေတာ တွေ့လို့ဝင် ဓာတ်ပုံရိုက်ပြီး သမီးဆီ ပို့လိုက်တယ်။ သူကတော့ ကိုရီးယား မင်းသားမင်းသမီးမဟုတ်ဘူးလို့ မှတ်ချက် ပြန်ပေးတာ ပါပဲ။ ထိုင်းမင်းသား၊ မင်းသမီးတွေလို့ နောက်ဆုံးမှ သိရတယ်။

သွားရင်းလာရင်း၊ ဆေးရုံနဲ့လှမ်းညှိရင်း နောက်ဆုံးမတော့ လိုက်ပို့တဲ့ဆရာဝန်က သူတချို့ စိုက်ပါ့မယ် (လိုက်လဲပို့ရသေး၊ စိုက်လဲစိုက်သေး)ဆိုတာနဲ့ အိမ်ပြန်မယ့်စီမံကိန်း ပျက်သွားတယ်။ ဆေးရုံကလည်း အတတ်နိုင်ဆုံးလျှော့ပေးရှာပါတယ်။ ဆေးရုံ အဆင်းမှာ ငွေတောင်းခံလွှာ ထွက်လာတော့ နဂိုမှန်းတဲ့စရိတ် ထက် များနေသေးပေမဲ့ မူလခန့်မှန်းတဲ့ စရိတ်အတိုင်းပဲယူပါလို့ Marketing ဌာနက လက်မှတ်ထိုးပေးလိုက်တာနဲ့ တစ်ချက်တည်း

mgyoe.com

mgyoe.com

ပြီးပါလေရော။

ဆေးရုံမှာတော့ ခွဲစိတ်ခန်းကထွက်လာချိန်မှာ တောက်လျှောက်အဖျားတိုင်း၊ သွေးတိုးတိုင်း လုပ်နေကြတာ တစ်ယောက်ဝင်တစ်ယောက်ထွက်၊ အဆက်မပြတ်လှဘူး။ သူနာပြုဆရာမလေး တွေကလည်း သူ့အချိန်နဲ့သူ ဆေးလာတိုက်ကြတယ်။

ရယ်စရာတစ်ခုကတော့ ခွဲစိတ်ခန်းဝင်ကာနီး အဝတ်အစားလဲ၊ တွန်းလှည်းပေါ်တင်ပြီး ကောင်တာရှေ့မှာ ခဏစောင့်နေတယ်။ ညှိနှိုင်းရေးမှူး မြန်မာအမျိုးသမီးနဲ့ ဆရာဝန်က နေရမယ့် အခန်းကိုသွားကြည့်ကြတယ်။ သူတို့ကို ဖုန်းခေါ်တာလည်း မရဘူးတဲ့။ နောက်သူတို့ပြန်လာမှ စကားပြောဖြစ်ကြတယ်။ မေ့ဆေးဆရာဝန်က ကိုယ့်ကိုရှင်းပြမလို့ဟာ အင်္ဂလိပ်လိုမတတ်ဘူး ထင်လို့တဲ့ ဥပမိရုပ်များပြောပါတယ်။ နိုင်ငံတကာသွားလာသမျှ ဘန်ကောက်ကျမှ အင်္ဂလိပ်လို မပြောတတ်ဘူးလို့ အထင်ခံရတာဆိုးသဗျာ။

ဆရာဝန်တစ်ယောက်နဲ့ တစ်ယောက်အယူအဆချင်းက မတူကြဘူး။ ပထမပြတဲ့ဆရာဝန် က ခွဲစိတ်ပြီးရှင်းမယ်လို့ တွက်တယ်။ ဒုတိယဆရာဝန်က ခွဲပြီးတွေ့ရတဲ့ကျောက်ကပ်မှာ အပြင်က ကြည့်လို့ မြင်ရသလို ကျောက်တွေမတွေ့နိုင်ဘူးလို့ ယူဆတယ်။ အပြင်ကမြင်ရတာကို ပစ်မှတ်ထား ပြီး ချေတာက အဆင်ပြေမယ်လို့တွက်တယ်။ ကျောက်တွေက သဘောကောင်းရှာပါတယ်။ ကျေပေးတော်မူကြပါတယ်။ မူလမှန်းတဲ့ အချိန် ၁ နာရီထက်တော့ ပိုကြာတယ်။ ခွဲစိတ်ခန်းက အထွက်မေ့ဆေးပြယ်လို့ ကြည့်လိုက်တော့ ညနေ ၅ နာရီလောက် ဖြစ်နေပြီ။ ခွဲစိတ်ခန်းမဝင်ခင် ကတည်းက အကြောဆေးပေးထားတာ ဘယ်အချိန်က မေ့ဆေးထည့်လိုက်မှန်းတောင် မသိဘူး။ အိပ်ပျော်သွားလိုက်တာ တစ်ခဏပဲ ထင်ထားတယ်။ မေ့ဆေးပေးရင် ပါးစပ်ထဲကိုအသက်ရှူပိုက် ထည့်မှာမို့ အာခေါင်နည်းနည်းနာမယ်လို့လည်း ဆရာဝန်က ကြိုပြောထားတာ၊ ပြောထားတဲ့ အတိုင်း နာလို့။

နှလုံးဆရာဝန်ကတော့ သွေးတိုးစမ်းကြည့်တော့ နည်းနည်းများနေတာ တော်တော်စိတ်မချ တာနဲ့ ဆေးတစ်ခြမ်းထပ်တိုက်တယ်။ ပြီးတော့ EKG ဆွဲကြည့်၊ ဓာတ်မှန်ရိုက်ကြည့်နဲ့ တော်တော် စိတ်မချတဲ့ပုံပဲ။ ခွဲစိတ်ခန်းက ထွက်လာတော့လည်း ထပ်ပြီးလာကြည့်သေးတယ်။ ကိုယ်တို့ဆီက ဆရာဝန်ကြီးတွေ၊ သမားတော်ကြီးတွေဟာ လူကြီးတွေများပေမဲ့ ဒီမှာတော့ လူငယ်တွေပဲ တွေ့နေရတယ်။

mgyoe.com

mgyoe.com

# ၁၄ ဘန်ကောက်လူနာ ၂

**နိုင်ငံ**ရပ်ခြားမှာ ဆေးကုခံဖို့သွားမယ်ဆိုတော့ ငွေကြေးလုံလောက်မှု ရှိ၊ မရှိရယ်၊ လူနာ စောင့်ဘယ်သူလိုက်မှာလဲ ဆိုတာရယ်ဟာ အရေးကြီးစဉ်းစားရမယ့် ကိစ္စနှစ်ခုဖြစ်လာပါတယ်။

အိန္ဒိယမှာဆေးကုခံဖို့သွားခဲ့တဲ့ လူနာတစ်ယောက်ကတော့ သူ အဖော်ခေါ်သွားတဲ့ လူနာစောင့်ဟာ အင်္ဂလိပ်လိုဘာမှမပြောပြနိုင်တော့ သူပက်လက်ဖြစ်နေချိန်မှာ ဘာမှလုပ်လို့မရဘူးလို့ဆိုတယ်။ ငွေရေး ကြေးရေးမှာတော့ ပထမအကြိမ် အကုန်ခံထားတဲ့ ငွေလုံးငွေရင်းဟာ ကြားထဲက လူတစ်ယောက် အလွဲသုံးစားလုပ်တာကို ခံရလို့ ဒုတိယ အကြိမ် ထပ်အကုန်အကျခံရကြောင်း ပြောပြတယ်။ အကုန်ထပ်ပြီး အကုန်ခံနိုင်လို့ တော်သေးတာပေါ့။

ကိုယ်ကတော့ ကိုယ်တတ်နိုင်တာရယ်၊ ဝိုင်းဝန်းကူညီကြတာ တွေရယ်ကို ချိန်ထားတယ်။ အရေးအကြောင်းဆို ဘယ်ထုတ်ဝေသူတွေ ဆီက နှိုက်ရမယ်၊ ဆွဲရမယ်ကိုတွက်ထားတယ်။ အကြောင်းအား လျော်စွာ ကိုယ်မှန်းထားတာထက် ပိုကုန်ပေမဲ့၊ ခြေမနိုင်လက်မနိုင် အနေအထားမျိုး မဖြစ်အောင် ဝိုင်းဝန်းစောင့်ရှောက်ပေးကြလို့ အများ ကောင်းမှုနဲ့ အောင်အောင်မြင်မြင် ဖြစ်သွားတယ်။ ဘေးမသီရန်မခ၊ ကျန်းမာပကတိ၊ ချမ်းသာစွာရှိပြီး ဝေဒနာကြီးကြီးမားမား ကြာရှည် မခံစားရတဲ့အတွက် ပေးရတာတန်တယ်လို့ ယူဆနိုင်ပါတယ်။

mgyoe.com

မသွားခင်ကတည်းက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချလုချေလားဆိုတဲ့ အမြင်နဲ့ဘာတွေ စိတ်ပူနေတာလဲဆိုတဲ့ အမြင်နှစ်ခုကြားမှာ ရပ်ခဲ့ပါတယ်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု ရှိတယ်ဆိုတာက ကိုယ့်ကိုတိုက်တွန်းကြ၊ ဝိုင်းဝန်းစောင့်ရှောက်ကြတဲ့သူတွေကို အတိုင်းအတာတစ်ခုအထိ ကိုယ်ကယုံကြည်ထားလို့ပါ။ ဘာတွေစိတ်ပူနေတာလဲ ဆိုတာကတော့ ကိုယ်ကဘာမှမသိရ၊ မမြင်ရသေးတော့ စိတ်ပူတာအမှန်ပဲ။ မအောင်မမြင်နဲ့ ပြည်တော်ပြန်ရတဲ့ အဖြစ်မျိုးကိုလည်း ကိုယ်က မဖြစ်ချင်ဘူး။

လူနာစောင့်ကိစ္စကတော့ ကိုယ့်ကို စေတနာဝန်ထမ်းလိုက်ပို့မယ့် ဆရာဝန်တစ်ယောက်ပါတယ်။ သူကလည်း ထိုင်းလိုတော်တော်လေး လည်လည်ပတ်ပတ် ပြောနိုင်တယ်ဆိုတာနဲ့ကို ပြည့်စုံပါတယ်။ ဘန်ကောက်ရောက်နေကြတဲ့ မြန်မာအသိုင်းအဝိုင်းဆီက အကူအညီရကောင်းရမယ်လို့ ထင်ထားပေမဲ့ သူတို့ကလည်း လိုတာရှိရင် ပြောပါလို့ဆိုကြပေမဲ့၊ လိုလည်းမလိုလှ၊ ကိုယ်ကလည်း မပြောတတ်လေတော့ အကူအညီ မတောင်းခဲ့ရပါဘူး။ သူတို့ကျွေးတဲ့ နေ့လည်စာတွေ ညစာတွေစားခဲ့ရုံနဲ့ ပြီးခဲ့ပါတယ်။

တစ်ဆွေလုံးတစ်မျိုးလုံး၊ ဆေးလည်းကုု၊ အလည်အပတ်လဲလာကြတဲ့ မိသားစုတွေကိုတော့ တွေ့ပါရဲ့။ ကံအားလျော်စွာကိုယ်ကလည်း မထူနိုင်မထနိုင် ပက်လက်လဲနေတဲ့ ဝေဒနာသည်မျိုးလည်း မဟုတ်ခဲ့ပါဘူး။ ဆေးရုံတက်တဲ့တစ်ညမှာလည်း လူနာစောင့်ကို သိပ်ဒုက္ခမပေးပါဘူး။ ဆေးရုံက သူနာပြုတွေက တစ်ယောက်ဝင် တစ်ယောက်ထွက်ပါ။ တစ်ချိန်လုံးအဖျားတိုင်းကြ၊ သွေးစမ်းကြ လုပ်နေကြတာပါ။

မှတ်မှတ်ရရတော့ ဟောတိမှာလျှောင်လှုပ်တာနဲ့ကြုံလို့ ဆေးရုံတက်တဲ့ညက လျှောင်သတင်းတွေချည်းကြည့်နေရတာနဲ့ ရုပ်မြင်သံကြားကို ပိတ်ပစ်လိုက်တယ်။ ဆရာမတွေကို ခေါ်လို့ရတဲ့ ခလုတ်တစ်ခု အိပ်ယာဘေးမှာပေးထားလို့ နှစ်ခါသုံးခါလောက်ခေါ်ကြည့်တော့ ချက်ချင်းရောက်လာတာပါပဲ။ ခွဲစိတ်ခန်းမဝင်ခင်က အစာမစားရ၊ ရေမသောက်ရနဲ့ဆိုတော့ ဗိုက်ထဲလေတွေပွနေပြီး နံနက်စာစားတာတွေ အကုန်လုံးအန်ပစ်တဲ့ နှစ်ခါမှာ သူနာပြုလှမ်းခေါ်ရတယ်။

မိုးလင်းရင် မျက်နှာသစ်ချင်တတ်ပေမဲ့ နံနက် ၉ နာရီလောက်မှာ မျက်နှာသစ်၊ တစ်ကိုယ်လုံးရေပတ်တိုက်ပေးတော့ လန်းလန်းဆန်းဆန်း ဖြစ်သွားတယ်။ အန်ချင်တာတွေ ပျို့ချင်တာတွေအတွက် ဆေးပေးပေမဲ့ နံနက်ပိုင်းမှာပဲ ဝမ်းသွားချင်စိတ်ဖြစ်လာတော့ အိမ်သာတက်လိုက်တာ ပေါ့ပေါ့ပါးပါး ဖြစ်သွားတယ်။

ထူးခြားတာကတော့ အိမ်သာတက်ချင်ခါနီးမှာ ဆရာဝန်ရောက်လာလို့ နှာခေါင်းက အောက်ဆီဂျင်ပိုက်ကို ဖြုတ်ခိုင်း၊ ပြီးတော့ ဆီးပိုက်ကိုပါဖြုတ်လိုက်တာပါ။ ဆီးပိုက်မှာ၊ ဆီးရယ်၊ သွေးရယ်၊ ကျောက်ရယ်ရောနေတာမို့ ဆီးပိုက်တန်းလန်းနဲ့ နေရဦးမယ်ထင်ထားတာ ဆီးပိုက်ဖြုတ်လိုက်တော့ အတော်ဝမ်းသာအားရဖြစ်သွားတယ်။ အရင် ၁၀ နှစ်လောက်တုန်းက ဆီးပိုက်နဲ့ အတော်ကြာကြာနေခဲ့ရတယ်လို့ မှတ်မိတာ။ အခု ဒီလောက် မြန်မြန်ဖြုတ်ရမယ်လို့ ထင်မထားဘူးလေ။

mgyoe.com

mgyoe.com 

ခွဲစိတ်ခန်းမဝင်ခင်မှာ ပါးစပ်ထဲကို အောက်ဆီဂျင်ပိုက် ထည့်ထားမယ်။ မကိုက်လိုက်နဲ့နော်၊ ခွဲစိတ်ခန်းကထွက်လာရင် လည်ချောင်းနည်းနည်းနာမယ်လို့ ကြိုပြောထားတယ်။ အပဟုတ်ပဲ။ နံနက်စာစား ရေသောက်တော့ ကောင်းကောင်းစားမရ၊ ရေသောက်လို့မရ။ ချွဲဟပ်လိုက်တော့၊ သွေးစပါလာလို့ လန့်တောင်သွားတယ်။ နောက်ကျမှ ခွဲစိတ်ခန်းမဝင်ခင်က အောက်ဆီဂျင်ပိုက် ထည့် ထားမယ်လို့ ပြောတာသတိရတယ်။

ခွဲစိတ်ခန်းမဝင်ခင်မှာ
ပါးစပ်ထဲကို အောက်ဆီဂျင်ပိုက်
ထည့်ထားမယ်။
မကိုက်လိုက်နဲ့နော်၊
ခွဲစိတ်ခန်းကထွက်လာရင်
လည်ချောင်းနည်းနည်းနာမယ်လို့
ကြိုပြောထားတယ်။ အပဟုတ်ပဲ။
နံနက်စာစား- ရေသောက်တော့
ကောင်းကောင်းစားမရ
ရေသောက်လို့မရ။
ချွဲဟပ်လိုက်တော့
သွေးစပါလာလို့
လန့်တောင်သွားတယ်။
နောက်ကျမှ
ခွဲစိတ်ခန်းမဝင်ခင်က
အောက်ဆီဂျင်ပိုက်
ထည့်ထားမယ်လို့
ပြောတာသတိရတယ်။

ဆရာဝန်နှစ်ယောက်ကိုပြရာမှာ ဆရာဝန်တစ်ယောက်က ကျောက်တွေများလွန်းလို့ ခွဲထုတ်မှရမယ်၊ အနည်းဆုံး ၁ ပတ် လောက်ဆေးရုံတက်ရမယ်လို့ မှန်းတယ်။ အခုဆရာဝန်ကတော့၊ ဓာတ်မှန်တွေ၊ Ultra Sound တွေလို၊ ကျောက်ကပ်မှာရှိတဲ့ ကျောက်တွေကို၊ ပကတိမျက်စိနဲ့မြင်ရတာ မဟုတ်ဘူး။ စက်နဲ့ကြည့်ရတာ.က ပိုသေချာတယ်။ စက်နဲ့ချေတာကပိုပြီး တိတိကျကျရှိတယ်လို့ ယူဆတယ်။ တစ်ခုပဲ ကျောက်တွေဟာ ချေလို့လွယ်– မလွယ်၊ ရ မရ သူမသိဘူးတဲ့။ ကံအားလျော်စွာ– ကျောက် အားလုံးကို ခွဲစိတ်ခန်းအတွင်းမှာ ချေလိုက်နိုင်တယ်။ ဓာတ်မှန် နှစ်ချပ်ကို ယှဉ်ပြတယ်။ မချေမီ ကျောက်ငါးလုံး၊ ချေပြီးတော့ ကျောက်ကြီးတွေ မရှိတော့၊ ကျောက်မှုန့်လေးတွေ ရှိနေတဲ့ ပုံနဲ့ ကျောက်တွေဆင်းဖို့ Stunt ထည့်ထားတဲ့ပုံ။ Stunt ကိုတစ်လ လောက်ကြာရင် ပြန်ပြီး ထုတ်ရမယ်။ အဲဒီအချိန်ကျရင် ဓာတ်မှန် ရိုက်ပြီး၊ ကျောက်ကပ်နဲ့ ကျောက်ရဲ့အခြေအနေကို ပြန်ကြည့်မယ်တဲ့။

ဆေးရုံကဆင်းလာတော့ ခါးကနာနေလို့ တွန်းလှည်းနဲ့ပဲ ဆင်းရတယ်။ ပြီးတော့ ဆေးရုံ ကားနဲ့ တည်းခိုရာလိုက်ပို့တယ်။ တည်းခိုတဲ့ဖလမ်းဂေါက်ပလေ့စ် (Para ram 9 Place) က တစ်ည ဘတ် ၅၀၀ ပေးရတယ်။ နှစ်ယောက်အိပ်ကုတင်၊ နှစ်ယောက် ထိုင်ခုံ၊ ရုပ်မြင်သံကြား၊ လေအေးပေးစက်၊ ရေချိုးခန်း၊ အိမ်သာ တွေ ပါတယ်။ အင်တာနက်သုံးချင်ရင် ဘတ် ၃၀၀ ပေးရတယ်။ တစ်ပတ်ဆယ်ရက်လောက် သုံးလို့ရတယ်။

အတူတည်းတဲ့ လူနာတစ်ယောက်က တစ်ပတ်မှာ ၅ ရက် ဓာတ်ကင်၊ ၂ ရက်နားဆိုတော့ တစ်လလုံး နေနေရတာ ပေါ့လေ။ တခြားလူတွေ ဝင်လိုက်ထွက်လိုက် လုပ်နေတာကိုသူပဲ ငေးငေးခံနေရ သလိုဖြစ်နေတယ်။ အစားအသောက်လည်း သိပ်မစား

mgyoe.com

နိုင်ပါဘူး။ Apartment မှာကိုက နံနက် ၉ နာရီ လောက်ကနေ ည ၉ နာရီလောက်အထိ ဖွင့်တဲ့ စားသောက်ဆိုင်ရှိတယ်။ လုပ်တဲ့ဝန်ထမ်းတွေကလည်း မြန်မာ ကရင် တိုင်းရင်းသူလေးတွေပါ။ ဘာစားချင်တယ်ဆိုတာ ဓာတ်ပုံကို လက်ညှိုးထိုးပြလို့ရသလို၊ မြန်မာလိုပြောလို့လည်းရတယ်။ အခန်းကနေ ဖုန်းဆက်မှာရင်လည်း ရတယ်။ Apartment မှာအမြဲနေကြပုံရတဲ့ ကျောင်းသူ ကျောင်းသားအရွယ်တွေ၊ ဝန်ထမ်းအရွယ်တွေလည်း တွေ့ရတယ်။ မြန်မာတွေလည်း ရှိတယ်။

ဓာတ်ကင်တဲ့လူနာလာတော့ ဖုန်းတစ်လုံးကိုင်ထားပြီး၊ မြန်မာနံပါတ်တွေကို ခေါ်ပေးဖို့ လှမ်းလှမ်းပြောနေတာတွေ့ရတယ်။ သား၊ သမီးတွေက တက္ကသိုလ်ရောက်ကုန်ကြပြီ။ ကွန်ပျူတာ တော့ဝယ်မပေးရသေးဘူးတော့၊ ကိုယ့်ကွန်ပျူတာ အသုံးဝင်ပုံကိုပြတော့ နေရမယ့်ရက်နဲ့ ကျန်မယ့် ငွေနဲ့ချင့်ချိန်ပြီး မလောက်မငဖြစ်မှာစိုးတယ် ထင်ပါရဲ့ မဝယ်ဖြစ်ဘူး။

ကိုယ်လည်း ဖုန်းကဒ်တစ်ကဒ်ဝယ် ဘတ် ၃၀၀ ဖိုးဖြည့်ထားပေမဲ့ အင်တာနက်ကနေ စာရေးပို့လိုက်၊ G-Talk ကနေတပည့်တွေနဲ့ ပြောလိုက်လုပ်တော့ တယ်လီဖုန်း မဆက်ဖြစ်ပါဘူး။ မှတ်မှတ်ရရကတော့ Web to SMS ပို့တာ နံနက်ကတည်းက ပို့တဲ့စာက ညနှစ်နာရီသုံးနာရီလောက် ကျမှ မြန်မာဂျီအက်စ်အမ်ဖုန်းကို ဝင်သွားတော့ အားလုံးအထိတ်တလန့်တွေ ဖြစ်ကုန်ကြတယ်။

mgyoe.com

mgyoe.com

# ၁၅ ယုံကြည်စိတ်ချမှု

ကမ္ဘာ့ ထိပ်တန်းခေါင်းဆောင်တွေ အခုနှစ် ဆွစ်ဇာလန်နိုင်ငံ ဒေးဗို့စ်မှာ ကျင်းပပြုလုပ်တဲ့ World Economic Forum ကိုတက်နေကြပြန်ပါပြီ။ ပြီးခဲ့တဲ့တစ်နှစ်လုံး ကမ္ဘာ့စီးပွားရေးအကြပ် အတည်းနဲ့ နပန်းလုံးနေကြတော့ ကြားရတဲ့သတင်းတွေက မကောင်းသတင်းတွေ ချည်းပါပဲ။ ဘာသတင်းမှ မကြားရတာက သတင်းကောင်းပဲလို့ ပြောရမလိုတောင် ဖြစ်ခဲ့ပါတယ်။ နိုင်ငံလေး တစ်နိုင်ငံရဲ့ စီးပွားရေးပြိုကျတာဟာ သတင်း ဖြစ်ပေမယ့် ကနေဒါလိုနိုင်ငံက ဘဏ်တွေတည်ငြိမ်မှု ရှိနေတာမျိုးကျ သတင်းမဟုတ်ပြန်ဘူး ဖြစ်နေတယ်။

အခုနှစ်အစည်းအဝေးမှာ မနှစ်တုန်းက ကြုံတွေ့ခဲ့ရတဲ့ ဘဏ္ဍာရေး စနစ်ပြိုလဲမှုကို ဆွဲတင် နိုင်ခဲ့လို့ သက်သောင့်သက်သာတော့ ဖြစ်နေကြတယ်။ ဒါပေမဲ့ ပြဿနာတစ်ခု ကျန်နေသေးတယ်။ အဲဒါကတော့ အစိုးရတွေ၊ ကော်ပိုရေးရှင်းတွေ (ကုမ္ပဏီတွေ)၊ ဘဏ်တွေကို လူတွေက မယုံမကြည်ဖြစ်နေကြတာပါ။

ဈေးကွက်တွေ၊ ဘဏ်တွေကို ဘယ်လိုထိန်းချုပ်ကြမလဲလို့ နိုင်ငံရေးသမားတွေ၊ ဘဏ်တွေ၊ ဗဟိုဘဏ်က ပုဂ္ဂိုလ်တွေ ဆွေးနွေးကြတော့ အဖြေထွက်မလာဘူး။ ဘယ်ဟာအကောင်းဆုံးနည်းလဲလို့ စဉ်းစား ရွေးချယ်လို့ မရကြဘူး။ တကယ်တော့ စည်းကမ်းတွေ၊ ထိန်းချုပ်မှုတွေကို ဘယ်သူမျှ မကြိုက်ကြဘူး။ ဈေးကွက်ထက်တောင် ပိုဆိုးတယ်လို့ အများကမြင်ကြတယ်။ ဒါပေမဲ့ စည်းကမ်းမရှိတော့လည်း မဖြစ်ပြန်

mgyoe.com

ဘူး။ နိုင်ငံတကာငွေကြေးစနစ်သစ် တစ်ရပ်တည်ထောင်ဖို့တို့ ဒေါ်လာကိုအစားထိုးတဲ့ ငွေကြေးစနစ်တစ်ရပ်ပေါ်လာဖို့တွေလည်း ဝိုင်းဝန်းဆွေးနွေးနေကြပေမဲ့ ဘာမှရေရေရာရာ ဖြစ်မလာ သေးပါဘူး။ 'သေချာတာတစ်ခုကတော့ ဘာမှသေချာတာမဟုတ်ပါဘူး' ဆိုတဲ့ စကားတစ်ခွန်းကိုပဲ ထပ်ပြောရတော့မှာပါ။

လွန်ခဲ့တဲ့ ၃ နှစ်လောက်အတွင်း ကြုံခဲ့ရတဲ့ ဘဏ္ဍာရေးအကြပ်အတည်း၊ အကူအညီပေးပုံနဲ့ အဖြေရှာကြပုံတွေဟာ အသစ်အဆန်းမဟုတ်လှဘူးလို့ အစည်းအဝေးတက်ရောက်သူ အတော်များများက သဘောတူညီကြပါတယ်။ အခု စီးပွားရေးဦးမော့ပြီ၊ ဦးမော့ပြီနဲ့ ပြောနေကြချိန်မှာ အလုပ်လက်မဲ့တွေကများနေတုန်းမို့ စာရင်းအင်းတွေ ကိန်းဂဏန်းတွေတော့မော့ပါရဲ့ လူတွေကကျနေတုန်းပဲ (Statistical recovery, human recession) လို့ ပြောစရာဖြစ်နေပါတယ်။

ဒီနှစ်အစည်းအဝေးတက်ကြရာမှာ တရုတ်ကိုယ်စားလှယ်အဖွဲ့က အနှစ် ၄၀ အတွင်း လူအများဆုံးလို့ ဆိုပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကလည်း ကောင်းနေတယ်။ သံမဏိထုတ်လုပ်မှုမှာ တန်ချိန်သန်း ၂၀၀ ပိုနေတယ်လို့ဆိုတယ်။ ဒီပမာဏဟာ ၂၀၀၈ ခုနှစ်က နိုင်ငံ ၂၇ နိုင်ငံပါဝင်တဲ့ ဥရောပသမဂ္ဂက ထုတ်လုပ်တဲ့တန်ချိန် ၁၉၈ သန်းထက်တောင်များ နေသေးတယ်။ တရုတ်ကိုယ်စားလှယ်အဖွဲ့ရဲ့ ပုံသဏ္ဍာန်က လွန်ခဲ့တဲ့ ၂ နှစ်ကထက်၊ ယုံကြည်စိတ်ချမှုတွေ တိုးပွားနေပုံပေါက်တယ်လို့ဆိုတယ်။ စီးပွားရေးတိုးတက်လာရင် ယုံကြည် စိတ်ချမှုတွေလဲ တိုးပွားလာတော့တာပဲ ထင်ပါရဲ့။ တစ်နည်းပြောရရင်တော့ ပါဝါချိန်ခွင်လျှာ အနောက်တိုင်းကနေအရှေ့တိုင်း အထူးသဖြင့် တရုတ်ကို ရွှေ့ပြောင်းနေတာ ပြသလိုက်တာပါ။

ဒါပေမဲ့ ပူးပေါင်းဆောင်ရွက်တဲ့ လမ်းကြောင်းကိုသွားမလား၊ ထိပ်တိုက်ရင်ဆိုင်တဲ့ လမ်းကြောင်းကို သွားမလား ဆိုတာ အနောက်တိုင်း အထူးသဖြင့် အမေရိကန်တွေက စိတ်ပူပန်နေကြလေတော့ ဒီနေရာမှာလည်း 'ယုံကြည်စိတ်ချမှု(Trust)' ဟာ အရေးကြီးပြန်ပါလေရော။ တစ်ဖက်နဲ့တစ်ဖက်ကလည်း အပြန်အလှန်ယုံကြည်မှု (Mutual Trust) ရှိဖို့လိုတယ်။ ဒါမှလည်း တည်ငြိမ်တဲ့ ဆက်ဆံရေးဆိုတာ ဖြစ်နိုင်မှာပါ။

တစ်ဖက်မှာတော့ ဥရောပ၊ အမေရိကန်နှင့် ဂျပန်ရဲ့ စီးပွားရေးကျဆင်းနေချိန် ဒဏ်ရာတွေဝေဒနာတွေ ခံစားနေရချိန်မှာ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ဖို့ဆိုတာက ပိုခက်နေပြန်ရော။ လာမယ့်မျိုးဆက်သစ်တွေဟာ အခုလက်ရှိမျိုးဆက်တွေ သူတို့မိဘတွေလို ကြွယ်ကြွယ်ဝဝ နေနိုင်ကြမှာ မဟုတ်တော့ဘူးလေ။

ကမ္ဘာဆန်လာချိန် အပြန်အလှန်ဆက်စပ်မှုကြီးမားလာချိန်မှာ ပြဿနာတွေကို အဖြေရှာဖို့ကျတော့ သက်ဆိုင်ရာနိုင်ငံတွေ၊ ကုမ္ပဏီတွေနဲ့ ဘဏ်တွေအပေါ်မူတည်နေပြန်တာကလည်း အခက်အခဲတစ်ခုပါ။ နောက်ဆုံးတော့ ယုံကြည်စိတ်ချမှုမြန်မြန်ဆန်ဆန် ပြန်ရအောင် တစ်ခုခုတော့လုပ်ရမှာပဲဆိုတာ အားလုံးသိထားကြတယ်ဆိုတာနဲ့ပဲ ကျေနပ်နေရတယ်။

mgyoe.com

mgyoe.com

# ၁၆ ကိုယ့်အားကိုယ်ကိုး ငါန်းဖွန်

ကထိန် အမိ မွေးဇာတိငါန်းဖွန်ကိုပြန်ဖို့ ကြိုးစားတာ မအောင်မြင်ခဲ့ပေမဲ့ ဒီဇင်ဘာလ ရောက်မှပဲ ပြန်ဖို့ ဖြစ်လာပါတယ်။ အာစရိယ ပူဇော်ပွဲတွေကို ကိုယ့်အုပ်စုနဲ့ကိုယ်၊ ကိုယ့်အတန်းနဲ့ကိုယ်၊ ကိုယ့်ဆရာနဲ့ကိုယ်ကျင်းပလာခဲ့ကြရာက တစ်စုတစ်စည်းတည်း ကျင်းပနိုင်အောင် စွမ်းဆောင်နိုင်သူတွေ၊ စေတနာရှိသူတွေ၊ လုပ်တတ်ကိုင်တတ်တဲ့သူတွေရဲ့အစီအစဉ်နဲ့ပါ။ ရွှေရတုပွဲ မှာ ဆုံတွေ့ခဲ့ရတဲ့ ဆရာကြီး၊ ဆရာမကြီးတွေက စိန်ရတုတော့ ငါတို့မီမှာ မဟုတ်တော့ဘူး။ ငါတို့အချင်းချင်းလည်း ထပ်ဆုံကြတော့မှာ မဟုတ်ဘူးလို့ စိတ်နှလုံးညှိုးချုံးခဲ့ကြတယ်။ အခု စိန်ရတု အထိမစောင့်ပဲ ၂ နှစ်အတွင်း ပြန်လည်ဆုံတွေ့နိုင်အောင် ကြိုးစားခဲ့ကြတာ အောင်မြင်မှုရခဲ့ပါတယ်။

၂ နှစ် အတွင်းမှာ ဆရာဆရာမငါးယောက် လျော့ပါးသွားခဲ့တယ်။ အာစရိယပူဇော်ပွဲ ကြွရောက်ကြပါလို့ ဖိတ်ကြားပြီးတဲ့နောက်မှာတောင်မှ ဆုံးပါးသွားတဲ့ ဆရာ၊ ဆရာမ ၂ ဦး ရှိတယ်။ ဆရာမကြီးတစ်ဦးဆိုရင် အာစရိယပူဇော်ပွဲမတိုင်မီ ညဘက်မှာ ကွယ်လွန်သွားရှာပြီး အာစရိယပူဇော်ပွဲ လုပ်တဲ့နေ့မှာပဲ မြေချခဲ့ရပါတယ်။

ဒီနှစ် အခမ်းအနားရဲ့ ထူးခြားချက်ကတော့ ဆရာကြီး၊ ဆရာမကြီး တစ်ဦးစီကို ၁ သိန်း ကန်တော့ရုံမျှမကပဲ ၃၅ သိန်းလောက်ကို ဆရာ၊ ဆရာမကြီးတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု ရံပုံငွေအဖြစ်နဲ့ ပဒေသာပင် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒေသခံကျောင်းသားဟောင်း

mgyoe.com

mgyoe.com

တွေနဲ့ ဖွဲ့စည်းပေး၊ ဆရာကြီးတစ်ဦးကို နာယကအဖြစ် တင်မြှောက်လို့ စောင့်ရှောက်ရေးအဖွဲ့ဖွဲ့ပေးပြီး ရံပုံငွေ လွှဲအပ်ပေးခဲ့တယ်။ ဆရာ၊ ဆရာမကြီးတွေ မကျန်းမာရင် တစ်ကြိမ်ကိုသုံးသောင်းနှုန်း သုံးကြိမ် အထိထုတ်ပေးဖို့ စီစဉ်နိုင်ခဲ့တယ်။ အာစရိယ ပူဇော်ပွဲ အပြီးမှာလည်း တပည့် ဆရာဝန်၊ ဆရာဝန်မတွေက ကျန်းမာရေး ပြုစုစောင့်ရှောက်မှုတွေ ပြုလုပ်ပေးခဲ့ကြပါသေးတယ်။

ဒီနှစ်အာစရိယပူဇော်ပွဲရဲ့ ထူးခြားချက်တစ်ခုကတော့ ကောက်ခံရရှိတဲ့အလှူငွေတွေကို ဆရာကြီး၊ ဆရာမကြီးတွေကို ကန်တော့ဖို့အတွက် သုံးစွဲပြီး အခမ်းအနားပြင်ဆင်စရိတ်၊ သွားစရိတ်လာစရိတ်၊ ဧည့်ခံစရိတ်တွေကို ကိုယ့်ဖာသာကိုယ်ကျခံခဲ့ကြတာ ဖြစ်ပါတယ်။ နံနက်စာ၊ နေ့လည်စာ၊ ညစာစားပွဲတွေအတွက်လည်း အလှူရှင်တွေ သီးခြားပေါ်ပေါက်ခဲ့ပါတယ်။ စည်းရုံးမှု၊ လှုံ့ဆော်မှု အားကောင်းလို့ ထင်ပါရဲ့။ ရွှေရတု အခမ်းအနားမှာ တုန်းက မတွေ့မဆုံခွင့်ရခဲ့ကြတဲ့ သူငယ်ချင်းဟောင်းတွေနဲ့ပါ ဆုံခွင့်ရခဲ့ကြပါတယ်။ အနှစ် ၄၀ လောက် မတွေ့ခဲ့ကြတဲ့ သူငယ်ချင်းတွေလေ။

ဒီအစီအစဉ်တစ်ခုဖြစ်အောင် မနည်းကြိုးစားကြရတာ။ ကျောင်းသားကျောင်းသူဟောင်းတွေ ဆီက ငွေအားလူအား အကြံအားနဲ့ အကူအညီရယူခဲ့ကြတယ်။ ဆရာကြီး၊ ဆရာမကြီးတွေနဲ့ အဆက်အသွယ်ရဖို့တွေအတွက် မနည်းစီစဉ်ခဲ့ရတာပါ။ အထူးသဖြင့် တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်မပြတ်လှတဲ့ ကျောင်းသားကျောင်းသူတွေရဲ့ စည်းရုံးမှုကို အားကိုးအားထား ပြုခဲ့ရပါတယ်။

အစစအရာရာ
ချောချောမွေ့မွေ့
ဆောင်ရွက်ကြရတာမျိုးတော့
မဟုတ်ပါဘူး။ အများအတွက်
အဆင်ပြေစေဖို့ စဉ်းစားရာမှာ
တစ်ဦး၊ တစ်စု၊ တစ်ဖွဲ့ရဲ့
ဆန္ဒတွေကိုမလိုက်လျောနိုင်တဲ့
အဖြစ်တွေနဲ့ ကြုံခဲ့ရတယ်။
မင်းသားကြီးလုပ်ချင်တဲ့
သူတွေနဲ့လည်း တွေ့ခဲ့ရတယ်။
ဆရာကြီး၊ ဆရာမကြီးတွေရဲ့
ကျေးဇူးတွေ၊
ကြွေးဟောင်းတွေဆပ်ဖို့
ကြိုးစားရာမှာ
ကြွေးသစ်တွေလည်းချကြဦးလို့
ပြောတာနဲ့လည်း ကြုံရတယ်။

အစစအရာရာ ချောချောမွေ့မွေ့ ဆောင်ရွက်ကြရတာမျိုးတော့ မဟုတ်ပါဘူး။ အများ အတွက် အဆင်ပြေစေဖို့ စဉ်းစားရာမှာ တစ်ဦး၊ တစ်စု၊ တစ်ဖွဲ့ရဲ့ ဆန္ဒတွေကိုမလိုက်လျောနိုင်တဲ့ အဖြစ်တွေနဲ့ ကြုံခဲ့ရတယ်။ မင်းသားကြီးလုပ်ချင်တဲ့ သူတွေနဲ့လည်း တွေ့ခဲ့ရတယ်။ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ကျေးဇူးတွေ၊ ကြွေးဟောင်းတွေဆပ်ဖို့ ကြိုးစားရာမှာ ကြွေးသစ်တွေလည်းချကြဦးလို့ ပြောတာနဲ့လည်း ကြုံရတယ်။

ရပ်ရွာဘက် လှည့်ကြည့်လိုက်တော့ စာသင်တိုက်တွေ ဖွံ့ဖြိုးတိုးတက်လာတာ ဆွမ်းလောင်းအသင်းပေါ်ပေါက်လာတာ

တွေကို တွေ့ခဲ့ရတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုယ် နာရေး ကူညီဖို့၊ မကျန်းမာတဲ့သူကို မန္တလေး ဆေးရုံကြီးအရောက်ပို့ပေးဖို့ စေတနာရှင်တွေအားထုတ် ကြိုးပမ်းကြတာ၊ စေတီပုထိုးတွေကို သင်္ကန်းကပ်ကြတာတွေ တွေ့လာရတယ်။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လေးတွေ ထူထောင်ပြီး ဓမ္မတွေ၊ အသိပညာတွေ ဖြန့်ဝေဖို့ ကြိုးစားနေကြတာတွေရလို့ တတ်အားသမျှစာအုပ်စာတမ်းနဲ့ ငွေကြေးတွေဝင်ရောက် ကူညီခဲ့ရသေးတယ်။ ဆွေမျိုးတွေနဲ့ဆုံတွေကြရာမှာ ဝဋ်ကြောင့်ဖြစ်ပုံရတဲ့ စိတ်ဝေဒနာရှင် တစ်ဦးကိုလည်း တတ်နိုင်သလောက်ပြုစု စောင့်ရှောက်ကြပါလို့မှာခဲ့ရတယ်။ အထူးခြားဆုံး အချက်ကတော့ တိုက်ရိုက်နံပါတ်လှည့်ဆက်သွယ်လို့ရတဲ့ တယ်လီဖုန်းစနစ်တစ်ခုကိုလည်း ကိုယ့်အစီအစဉ်နဲ့ ကိုယ်စီစဉ်ထားတာပါ။ ကိုယ့်အားကိုယ်ကိုးတွေများလှချေလားလို့တောင် ပြောရမယ် ထင်ပါရဲ့။

ကိုယ့်အားကိုယ်ကိုးတာတွေတော့ ဟုတ်ပါရဲ့။ ငါန်းဗွန်ကိုရောက်လာတဲ့ အရာထမ်း ဝန်ထမ်းတွေက စိတ်လျှော့ကုန်ကြလို့ ရည်မှန်းထားတာတွေ အကောင်အထည်ဖော်ဖို့ အတော်ခက်တယ်ဆိုတဲ့ ဒေသအာဏာပိုင်တစ်ဦးရဲ့ စကားကိုလည်းကြားခဲ့ရတယ်။ တော်သေးတာပေါ့။ ပြည်သူ့ဝန်ထမ်းတွေဟာ ပြည်သူ့ဝန်ကိုမထမ်း၊ ပြည်သူကကိုယ့်ဝန်ကိုယ်လည်းထိမ်း၊ သူ့ဝန်ကိုလည်းထမ်း နေရတယ်ဆိုတဲ့အဖြစ်မျိုးဆိုရင်တော့ ပိုဆိုးမယ်ထင်တာပါ။

■

mgyoe.com

mgyoe.com

# ၁၇ မအို၊ မနာ၊ မသေသေးပါ

အမေရိကန်နိုင်ငံကို ၂၀၀၈–၀၉ ခုနှစ်က ၆ လအတွင်း နှစ်ကြိမ် ရောက်တော့ မပြန်သေးပဲ ဘယ်ဝင်နေတာလဲလို့ မေးကြတယ်။ မရောက်ချင်တော့လည်း ၁၂ နှစ်ကြာမှ ဒုတိယအခေါက် ပြန်ရောက်တာပါ။ နောက်ဆုံးအခေါက်မှာတော့ တပည့်ဟောင်း၊ တပည့်သစ် မိတ်ဆွေဟောင်း၊  မိတ်ဆွေသစ်တွေက နောက်လည်းလာခဲ့ဦးနော် ဆိုတော့ ဖိတ်တဲ့သူရှိလို့ စရိတ်ခံမှလာနိုင်တဲ့ အကြောင်း ပြောပြတယ်။ ပြီးတော့ လေယာဉ်ပျံ ၁၇ နာရီလောက် စီးရတာ တစ်ညပျောက်လို ပျောက်၊ တစ်ညတိုးလိုတိုးနဲ့၊ ရက်စွဲလိုင်းကျော်ပြီးသွားရလို့ ကြံ့ရတာမျိုးတွေ၊ နေ့ခင်းကြီးမှာ အိပ်ငိုက်၊ ညဘက်မှာလူက လန်းနေတာမျိုးတွေကိုလည်း ခံစားလို့မရပါ။ အသက် ၄၀ မှာ နိုင်ငံခြား ခရီးကို ပထမဆုံး သွားဖူးခဲ့ပြီး အခေါက်ခေါက်အခါခါ သွားဖူးပေမဲ့ နိုင်ငံခြားခရီးဆို အထစ်အငေါ့လေးတွေက အမြဲရှိ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်စိတ်ချမှုက သိပ်မရှိလှ။ ဒါကြောင့် အခု အသက် ၅၀ ကျော်လာတဲ့အခါ အသက်ကြီးပြီ။ သိပ်မလာချင်တော့ဘူးလို့ ပြောမိတယ်။ ဒီတော့ သူတို့က အထုပ်အပိုးတွေ အများကြီးနဲ့ခရီးသွားနေကြတဲ့ အသက် ၈၀ အရွယ်လောက် အဖိုးအဖွားတွေကို ပြတော့ နည်းနည်းရှက်သွားတယ်။ ကိုယ့်ဆီမှာလည်း အသက် ၇၀၊ ၈၀ အရွယ် ဆရာကြီးတွေ၊ အသက် ၉၀ ကျော် ဆရာတော်ကြီးတွေ ခရီးသွားနေကြတာပါပဲ။ တလောက အသက် ၄၀ ကျော် ရှေ့ခံအဆိုတော်တစ်ယောက်ကတော့ ကိုယ့်ထက်

mgyoe.com

သာတယ် အသက်ကြီးလာလို့ နားက ဆူညံသံသိပ်မခံနိုင် မျက်စိသိပ်အားမကောင်းတော့တာတွေ ပြောပြတယ်။

ကျွန်တော်တို့တစ်တွေဟာ မလွဲမသွေအိုရမယ်ဆိုတာတော့ လက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လက်ခံတဲ့ အိုခြင်းဟာ စောမနေဘူးလား။ အိုသင့်အိုထိုက်လို့ အိုသင့်သလောက် အိုမှာဖြစ်ပေမဲ့ ဘယ်လောက်မှလဲမအိုသေးဘဲ အိုတယ်ထင်၊ စိတ်တွေလျှော့၊ အလုပ်တွေလျှော့၊ ကိုယ့်ကိုယ်ကို အိုမင်းတဲ့လူတစ်ယောက်လို ထင်စရာတော့မလိုဘူးလို့ ထင်ပါတယ်။ ယုတ်စွာ အဆုံး အသက် ၆၀ ပြည့်လို့ သက်စေ့အငြိမ်းစားယူတာတောင်မှ ဌာနဆိုင်ရာတွေမှာ အလုပ်မလုပ် ရပေမဲ့ အဖွဲ့အစည်းတွေ ပုဂ္ဂလိကလုပ်ငန်းတွေမှာ အလုပ်လုပ်လို့ရနေသေးတာပါ။ ကျွန်တော် ကတော့ လောကကြီးကို အရှုံးပေး လောကီရေးတွေ ရှောင်ရှား၊ လောကုတ္တရာအရေးတစ်ခုပဲ စောက်ချလုပ်ရမယ့် အရွယ်လို့ မထင်မိပါဘူး။ အခုလိုပြောလို့ တရားအားထုတ်မယ့် အရေးကို ဆန့်ကျင်တာ မဟုတ်ပါဘူး။

ဒီလိုပါပဲ။ နာရေးဆိုတဲ့မကျန်းမာတာတွေနဲ့လဲ ကျွန်တော်တို့ ရင်ဆိုင်နေရတာ အမှန်ပါ။ ဒါပေမဲ့ အနာသိ ဆေးရှိဆိုသလို၊ အခုခေတ်မှာ ဆေးဝါးတွေ၊ နည်းပညာတွေ၊ ကိရိယာတွေ၊ ကုသနည်းတွေအားလုံး တိုးတက်နေပါပြီ။ အရင်ကသေရေးရှင်ရေးလို သဘောထားခဲ့တာတွေ၊ ခွဲရစိတ်ရမယ်ဆိုတာမျိုးတွေဟာ အခုဆိုရင်သာမန်ကိစ္စ၊ မခွဲမစိတ်မဖြတ်မတောက်ပဲနဲ့ ပြီးနိုင်တဲ့ ကိစ္စတွေဖြစ်နေပါတယ်။ ကျန်းမာအောင်လည်း တတ်နိုင်သမျှ ဂရုစိုက်ကြရမှာပဲ။ ဟိုတုန်းကဆို အင်လျားကန်ဘောင်ပေါ်မှာ ပုံမှန်လမ်းလျှောက်တဲ့သူ လေ့ကျင့်တဲ့သူရယ်လို့ သိပ်များများစားစား ရှိခဲ့တာ မဟုတ်ပေမဲ့ အခုဆို ဘောင်နှစ်ခုလုပ်ထားတာတောင် လမ်းလျှောက်တဲ့သူက အပြည့် ရှိတယ်။

တလောက ဇာတိမြေကို ပြန်သွားဖြစ်တော့ သူငယ်ချင်းအတော်များများ ဆုံးပါးကုန်ကြ တာတွေ့ရတယ်။ စီးပွားရေးတွေသိပ်မကောင်း ဒီတော့ ဖြေစရာရှာ၊ အရက်သောက်ဖြစ်နဲ့ဆိုတော့ အတော်များများ ဆုံးပါးကုန်ကြတယ်။ သတင်းစာမှာကြည့်ရင် အသက် ၈၀ ကျော်တွေ ဆုံးပါးတဲ့ သတင်းနဲ့အတူ နှစ်ဆယ်တန်း၊ လေးဆယ်တန်း၊ ငါးဆယ်တန်းတွေ ဆုံးပါးတာကတော့ သေချိန် မတန်သေးပဲနဲ့သေရတယ်လို့ ဆိုချင်တာပါပဲ။ ဒါကြောင့် အချိန်မတိုင်မီအိုကြ၊ နာကြရသလို၊ သေချိန်မတန်ပဲမသေရအောင် သေမင်းကိုလက်မခံဘဲ ဆန့်ကျင်ကြရမှာပါပဲ။

အိုချိန်မတန်၊ နာချိန်မတန်၊ သေချိန်မတန်ပဲ မအိုမနာမသေကြရဖို့က ကာယကံရှင် တစ်ယောက်စီမှာ တာဝန်ရှိသလို။ မအိုအောင်စောင့်ရှောက်ဖို့၊ တကယ်အိုလာရင်လည်း စောင့်ရှောက် မှုတွေပေးဖို့၊ မနာအောင်စောင့်ရှောက်ဖို့၊ တကယ်နာလာရင်လည်း လိုအပ်တဲ့ စောင့်ရှောက်မှုတွေ ပေးဖို့၊ မသေအောင်စောင့်ရှောက်ဖို့၊ မီးစာကုန်ဆီခန်းသေချိန်တန်လာရင်လည်း နောက်ဆုံးခရီးကို ထိုက်ထိုက်တန်တန်၊ အဆင်ပြေပြေသွားနိုင်ဖို့ လူ့အဖွဲ့အစည်းမှာလည်း တာဝန်ရှိပါတယ်။ ဒါက လည်း နောက်ဆုံးမှာတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်တာပဲလို့ တွေးမိကြောင်းပါ။

mgyoe.com

mgyoe.com

# ၁၈ စီးပွားရေးလုပ်ငန်းပညာ

ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်တဲ့ ပညာပေးဟောပြောပွဲတွေကို ကိုယ့်ဆီမှာရော၊ တစ်ခြားနေရာတွေမှာ မကြာခဏလုပ်ဖြစ်ပါတယ်။ ကိုယ်တတ်နိုင်သလောက် လုပ်ပေးတဲ့ သဘောပါပဲ။ တစ်ခါတလေကျရင် ကိုယ်ပြောနေရေးနေလည်း သိပ်မထူးပါဘူးလေလို့ အားလျော့တဲ့ စိတ်ဝင်လာပေမဲ့ ကိုယ်လောက်တောင် မသိသေးတဲ့သူတွေက အများကြီး၊ ကောင်းကောင်း မသိ နားမလည်ပဲ ပြောနေကြတဲ့လူတွေကလည်း အများကြီးဖြစ်နေတာ မကြာခဏ တွေ့နေရတော့ ပြောဦးမှ ပြောဦးမှဆိုပြီး ပြောဖြစ်ပါတယ်။ ကိုယ့်ထက်တတ်သိနားလည်တဲ့ သူတွေပြောတာကို လိုက်နားထောင်သလို ကိုယ့်ဆီမှာလည်း အခါအားလျော်စွာ ဖိတ်ခေါ်ပြီး ပြောဖြစ်ပါတယ်။

ကျွန်တော်တို့တစ်တွေဟာ စီးပွားရေးလုပ်ငန်းဆန့်ကျင်ရေး အမြင်၊ ပြင်းပြင်းထန်ထန် ရှိခဲ့လေတော့ စီးပွားရေးလုပ်ငန်း အထနေးနေတာ မဆန်းလှဘူးလို့ ဆိုရမှာပါ။ အစဉ်အဆက်က စီးပွားရေးသမားဆိုတဲ့ အခေါ်အဝေါ်ကို မကောင်းမြင်တဲ့အမြင်နဲ့ ခေါ်ဝေါ်ခဲ့ကြ၊ ပြောဆိုခဲ့ကြတယ်။ အမြတ်ထုတ်တယ်၊ ခေါင်းပုံဖြတ်တယ်၊ ဂုတ်သွေးစုတ်တယ်ဆိုတဲ့ ဝေါဟာရတွေနဲ့ တွဲပြီးမြင်ခဲ့ကြတယ်။

တကယ်တော့ စီးပွားရေးလုပ်ငန်းဆိုတာ ကိုယ်ပိုင်တယ်လို့ ဆိုပေမဲ့၊ ကိုယ်ထင်သလို လုပ်လို့ ရတာမျိုးမဟုတ်ပါဘူး။ ကိုယ်ပိုင်

mgyoe.com

mgyoe.com

ပေမဲ့ အများနဲ့ဆိုင်တဲ့လုပ်ငန်းတွေဖြစ်တယ်။ ရောင်းတဲ့သူတွေ ဝယ်တဲ့သူတွေ၊ အစိုးရအဖွဲ့ အစည်းတွေ၊ ဝန်ထမ်းတွေစသည်ဖြင့် အများနဲ့ပတ်သက် ဆက်ဆံနေကြရတယ်။ ကိုယ်ရောင်းချင် ရောင်းမယ်၊ မရောင်းချင်နေမယ်၊ သူလာဝယ်မှရောင်းရတာ မဟုတ်ဘူးဆိုတဲ့ အသံမျိုးတွေကို အခုထိကြားနေရသေးလေတော့ စီးပွားရေးလုပ်ငန်းခေတ်ကို တကယ်မရောက်သေးဘူးလို့ ဆိုနိုင်ပါတယ်။ စီးပွားရေးစိတ်၊ စီးပွားရေးအမြင် မရှိသေးဘူးလို့ ဆိုနိုင်ပါတယ်။

စီးပွားရေးလုပ်ငန်းကိုယ်တိုင်က ပညာရပ်တစ်ခုဖြစ်လာပြီး စီးပွားရေးလုပ်ငန်း ပညာဆိုတာကိုက စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာတယ်။ ဆေးပညာ၊ အင်ဂျင်နီယာပညာ၊ ကွန်ပျူတာပညာတွေ တတ်ရုံနဲ့မပြီးသေးဘူး။ စီးပွားရေးလုပ်ငန်းပညာဟာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးသင့်တဲ့ ဘာသာရပ်တစ်ခု ဖြစ်တယ်လို့ မြင်လာကြတယ်။

တစ်ဖက်ကလည်း စီးပွားရေးလုပ်ငန်းတွေ လုပ်ချင်ကိုင်ချင်တဲ့စိတ်၊ ဆန္ဒထက်သန်မှု၊ ပြင်းထန်မှု၊ အားပေးချင်တဲ့ စေတနာတွေကလည်း အိမ်နီးချင်းနိုင်ငံတွေနဲ့စာရင် နည်းနေသေးတာ တွေ့ရပါတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်လို့ စီးပွားရေးသမားက သတ်သတ်၊ ပညာ တတ်ကသတ်သတ်၊ စီးပွားရေးသမားတွေဟာ ပညာတတ်ဖြစ်စရာမလိုဘူး။ ပညာတတ်ရင် ဝန်ထမ်းလုပ်၊ စီးပွားရေးသမားမလုပ်နဲ့ဆိုတာမျိုးတွေလည်း ရှိဖို့မကောင်းတော့ပါဘူး။ မိတ်ဆွေ တစ်ယောက်က အခြေခံပညာ အထက်တန်း စာမေးပွဲကို ဂုဏ်ထူးတွေနဲ့အောင်ပေမယ့် သူလိုချင်တဲ့ တက္ကသိုလ်ကို ဝင်ခွင့်မရတော့ ပညာဆက်မသင်တော့ဘူး။ အခုစီးပွားရေး လုပ်ငန်းလုပ်ရာက ပညာမတတ်ပဲလုပ်တာထက် ပညာတတ်ပြီးလုပ်တာက ပိုကောင်းတယ်ဆိုတဲ့ အမြင်နဲ့၊ စီးပွားရေး ပညာတွေ လေ့လာဆည်းပူးမှု ပြန်လုပ်လာတာဟာ ပညာရဲ့အခန်းကဏ္ဍကို အသိအမှတ် ပြုတာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းကိုယ်တိုင်က ပညာရပ်တစ်ခုဖြစ်လာပြီး၊ စီးပွားရေးလုပ်ငန်း ပညာဆိုတာကိုက စီးပွားရေးလုပ်ငန်း တစ်ခု ဖြစ်လာတယ်။ ဆေးပညာ၊ အင်ဂျင်နီယာပညာ၊ ကွန်ပျူတာပညာတွေ တတ်ရုံနဲ့မပြီးသေးဘူး။ စီးပွားရေးလုပ်ငန်းပညာဟာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးသင့်တဲ့ ဘာသာရပ်တစ်ခု ဖြစ်တယ်လို့ မြင်လာကြတယ်။ အစိုးရကိုယ်တိုင်ကလည်း၊ စီးပွားရေးလုပ်ငန်း ပညာကို လေ့လာဆည်းပူးဖို့ လိုအပ်လာတယ်။ အစိုးရဖို့ စီးပွားရေး လုပ်ငန်းပညာကို သိရမယ်။

အခုပြောပြောနေကြတဲ့ သတင်းနည်းပညာ (Information Technology) ဆိုတာဟာ စီးပွားရေးလုပ်ငန်းပညာကို အသုံးချလို့ တိုးတက်လာခဲ့တာဖြစ်ပြီး သူကိုယ်တိုင်ကလည်း စီးပွားရေး

mgyoe.com

လုပ်ငန်းတစ်ခုဖြစ်လာခဲ့တယ်။

စီးပွားရေးလုပ်ငန်းတွေဟာ အရေးပါလာတာနဲ့အမျှ ကိုယ်ကျင့်တရားလည်း ကောင်းဖို့ လိုတယ်။ ကောင်းတဲ့အကျင့်၊ ကောင်းတဲ့အမြင်၊ ကောင်းတဲ့အတွေးတွေ ရှိရမယ်။ ဟန်ဆောင် ပန်ဆောင်နဲ့ ကောင်းနေတာမျိုးဆိုရင် စိတ်မချရဘူး။ လူတွေကလည်း ဟန်ဆောင်တာကို မကြိုက်ကြဘူး။ ကျင့်ဝတ်တွေဆိုတာက အပြောင်းအလဲ ရှိသင့်သလောက်ရှိတာ မှန်ပေမဲ့ အကောင်းတွေ ပြောင်းပစ်တာမျိုးလည်း မဖြစ်ရဘူး။

ကျင့်ဝတ်လိုက်နာရင် ငြိမ်းချမ်းသာယာမယ် ကျေနပ်ပျော်ရွှင်မယ်။ ရက်ရောတဲ့ သဘောထားတွေရှိမယ်၊ တွန့်တိုတဲ့သဘောထားတွေ မရှိဘူး။ ကျင့်ဝတ်နဲ့ မညီရင် တာဝန် မကျေဘူး။ ကျင့်ဝတ်မညီတာတွေကို အားပေးတဲ့ လူ့ဘောင်မဖြစ်စေရဘူး။ မတွန့်တိုရဘူး၊ မလှို့ ဝှက်ရဘူး။ အထူးသဖြင့် တခြားသူတွေရဲ့ဘဝကို တာဝန်ယူတဲ့သူတွေက လူ့ကျင့်ဝတ် တည်ဆောက်ရမယ်၊ လိုက်နာရမယ်၊ သန့်ရှင်းရမယ်။ ကိုယ့်ရဲ့သဘောထားတွေ ရည်မှန်းချက်တွေကို ပွင့်ပွင့်လင်းလင်း ရှင်းကြရမယ်။

ကိုယ်လုပ်သလို တခြားသူတွေက လိုက်လုပ်တဲ့အခါမျိုး၊ ကိုယ်ကိုယ်တိုင်က စံချိန်စံညွှန်း ဖြစ်နေတဲ့အခါမျိုး၊ ကိုယ့်ရဲ့စံချိန်စံညွှန်း မြင့်မြင့်မားမားရှိရမယ်။

ဖြစ်လာမှ ဟိုလိုဒီလိုတွေ လုပ်တာထက်၊ မဖြစ်ခင်က ကြိုတွက်ပြီး လုပ်ဖို့လည်းလိုတယ်။ ကိုယ့်ဝန်ထမ်းတွေကို အသိပညာတွေပေးပြီး အရေးယူအပြစ်ပေးစရာမလိုအောင် လုပ်ပေးထားရမယ်။ ကိုယ့်ရဲ့စည်းမျဉ်း၊ စည်းကမ်းတွေကို လူအများသိအောင် လုပ်ထားရမယ်။ ကောင်းကျိုးရှိတာတွေလည်း မသိ၊ မကောင်းကျိုးဖြစ်မှာတွေလည်း မသိတာမျိုးဖြစ်ရလေအောင် စီးပွားရေးလုပ်ငန်းတွေ အနေနဲ့ စောင့်ရှောက်ဖို့လိုပါတယ်။

■

mgyoe.com

mgyoe.com

# ၁၉ ဟောကိန်းနှင့် ကံကြမ္မာကိုပိုင်ဆိုင်ခြင်း

ဇန်နဝါရီလ ၁၆ ရက်နေ့ထုတ် 'နေးရှင်း' သတင်းစာမှာတော့ စာနယ်ဇင်းတွေဟာ ပြဿနာလား ဆိုတဲ့ ဆောင်းပါးကို ဖတ်ရတယ်။ ထိုင်းက အရည်အသွေးရှိ အဆင့်မြင့် စာနယ်ဇင်းတွေက လာမယ့်အနာဂတ်မှာ ဖြစ်လာနိုင်တဲ့ ထိုင်း နိုင်ငံရေး၊ စီးပွားရေးနဲ့ လူ့အဖွဲ့အစည်းတွေအကြောင်း ဗေဒင်နက္ခတ်ဆိုင်ရာ ဟောကိန်းတွေကို ဖောဖောသီသီထည့်မပေးကြရင် လူ့အဖွဲ့အစည်းအတွက် အကျိုးရှိမယ်လို့ ဝေဖန်ထားတာ တွေ့ရတယ်။ အနာဂတ်အကြောင်းသိတယ်လို့ ဆိုတဲ့သူတွေကို နေရာပေးလွန်းတယ်လို့ ဆောင်းပါးရှင်က ရေးထားတယ်။ အဲဒီ ဟောကိန်းတွေဟာ အထိတ်တလန့်ဖြစ်စရာခေါင်းစီးတွေနဲ့ ဖော်ပြလို့တော့ကောင်းပါရဲ့။ ဆောင်းပါးတွေလည်း ရေးလို့ကောင်းပါရဲ့။ စစ်တပ်ကအာဏာသိမ်းမှု ထပ်ဖြစ် မဖြစ်၊ ပြည်တွင်းစစ်ဖြစ် မဖြစ်၊ လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲလုပ်ရ မလုပ်ရ ဆိုတာတွေကို တစ်ယောက်ပြီးတစ်ယောက် အပြိုင်အဆိုင်ဟောလိုက်ကြ၊ ပြောလိုက်ကြတာ။ ဒီဟောကိန်းတွေဟာ နဂိုကတည်းကမှ အယူသိပ်သည်းတဲ့ ထိုင်းလူ့အဖွဲ့အစည်းကို ဘယ်လောက်များ အကျိုးပြုနိုင်သလဲ အဲဒီ အဟောအပြောတွေ၊ အရေးအသားတွေလျှော့ကြ၊ အားမပေးကြရင် မကောင်းဘူးလား။

စိုးရိမ်တတ်၊ ကြောက်လန့်တတ် ဒုက္ခရောက်လွယ်တဲ့ ပြီးတော့ လူ့အဖွဲ့အစည်းရဲ့ ကံကြမ္မာကို တစ်စုံတစ်ရာပြောင်းလဲအောင် ဘာမှ

mgyoe.com

မလုပ်နိုင်ဘူးလို့ ယူဆတဲ့သူတွေအတွက်ကတော့ ဗေဒင်ဟာ ကုထုံးတစ်ခုပါ။ ကုထုံးတစ်ခုအနေနဲ့ အစဉ်အလာတောင် ဖြစ်နေပါပြီ။

ဒါပေမဲ့ တစ်ဖက်မှာ အခုလိုဟောကိန်းတွေကို သိပ်အားကိုးအားထားလုပ်နေရင် သေသေချာချာ စိစစ်ဝေဖန်သုံးသပ်မှုတွေလုပ်ကြမှာ မဟုတ်တော့ဘူး။ ဟိုလူပြောတာဟုတ်နိုးနိုး၊ ဒီလူပြောတာဟုတ်နိုးနိုးနဲ့ ထိုင်စောင့်ကြည့်တဲ့သူတွေပဲ ဖြစ်ကုန်ကြတယ်။ လူတွေရဲ့အစွမ်းအစကို တုံးသွားစေမယ်။ ပြဿနာတွေတော်တော်များများဟာ ကိုယ်ဖြေရှင်းလို့ရတယ်။ ဝိုင်းဝန်း စဉ်းစားပြီး အားထုတ်လုပ်ကိုင်ကြမယ်ဆိုရင် အဖြေထုတ်နိုင်မယ် ဆိုရင် အနာဂတ်ကို ပြောင်းလဲပစ်နိုင်တယ် ဆိုတာမေ့ကုန်ကြမယ်။

တကယ်တော့ ဟောကိန်းတွေဟာ ကြောင်းကျိုးဆင်ခြင်မှုရှိတာ၊ ရေပက်မဝင်အောင် ခိုင်ခိုင်လုံလုံ စုစုစည်းစည်း ရှိတာမျိုးတော့ မဟုတ်ပါဘူး။ သူတို့ပြောနေတဲ့ အကြောင်းတွေ အကျိုးတွေဆိုတာကလည်း ထုတ်ယူဆင်ခြင်တာ၊ ခြုံယူဆင်ခြင်တာမျိုးတွေမဟုတ်ဘူး။ အခုလိုအတွေးတွေက ကြောင်းကျိုးဆင်ခြင်ဖို့ လိုအပ်တဲ့လူငယ်တွေအတွက် အထောက်အကူ မဖြစ်လှဘူး။

အယူသည်းတာတွေကို အားကိုးအားထားသိပ်လုပ်ရင် လူတွေပိုပြီးအားကိုးရာမဲ့ဖြစ်မယ်။ ဒုက္ခရောက်လွယ်မယ်။ သူတို့က အနာဂတ်ဆိုတာ ကြိုတင်ပြဋ္ဌာန်းပြီးသားဖြစ်တယ်၊ ဘယ်လိုမှ ပြန်ပြီး ပြုပြင်ပြောင်းလဲပစ်လို့ရမယ်လို့ မယုံကြည်ကြဘူးဆိုတော့ ဒုက္ခရောက်ဖို့အလားအလာ ပိုများတယ်။ သူတို့ဟာ လူမှုရေးနဲ့ နိုင်ငံရေး ကံကြမ္မာတွေရဲ့ အပြဋ္ဌာန်းခံဖြစ်တယ်။ လူမှုရေးနဲ့ နိုင်ငံရေးကံကြမ္မာတွေကို သူတို့ထိန်းချုပ်လို့မရဘူးလို့ မြင်တယ်။

> အယူသည်းတာတွေကို အားကိုးအားထားသိပ်လုပ်ရင် လူတွေပိုပြီးအားကိုးရာမဲ့ဖြစ်မယ်။ ဒုက္ခရောက်လွယ်မယ်။ သူတို့က အနာဂတ်ဆိုတာ ကြိုတင်ပြဋ္ဌာန်းပြီးသားဖြစ်တယ်၊ ဘယ်လိုမှ ပြန်ပြီး ပြုပြင်ပြောင်းလဲပစ်လို့ရမယ်လို့ မယုံကြည်ကြဘူးဆိုတော့ ဒုက္ခရောက်ဖို့ အလားအလာ ပိုများတယ်။ သူတို့ဟာ လူမှုရေးနဲ့ နိုင်ငံရေး ကံကြမ္မာတွေရဲ့ အပြဋ္ဌာန်းခံဖြစ်တယ်။ လူမှုရေးနဲ့ နိုင်ငံရေး ကံကြမ္မာတွေကို သူတို့ထိန်းချုပ်လို့မရဘူးလို့ မြင်တယ်။

တကယ်တော့ ကိုယ်နိုင်ငံရဲ့ ကိုယ့်စီးပွားရေး၊ ကိုယ့် လူ့အဖွဲ့အစည်းဆိုတာ ကိုယ့်အပေါ်မှာ မူတည်တယ်။ ကိုယ့်တာဝန်ဖြစ်တယ်။

အဲဒီ ဟောကိန်းတွေကြောင့် လူတွေဟာ အားကိုးရာမဲ့ဖြစ်စေတယ်။ ဘာကိုမှ ဂရုမစိုက်တဲ့၊ လျစ်လျူရှုတဲ့ သူတွေဖြစ်ကြတယ်။ စာနယ်ဇင်းတွေအနေနဲ့ လူတွေစိတ်ဝင်စားတာတွေကို ဖြည့်ဆည်းပေးတာပဲလို့ လွယ်လွယ်ပြောလို့မရဘူး။ ရေးသားထုတ်ဝေတာတွေ အသံလွှင့်တာတွေဟာ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့

mgyoe.com

အကျိုးအတွက် ဟုတ်မဟုတ်ဆိုတာ စဉ်းစားစရာဖြစ်တယ်။ လူတွေကို အယူသည်းအောင် လုပ်မယ့်အစား လူတွေကိုယ့်အားကိုယ်ကိုးချင်တဲ့စိတ်၊ ကိုယ့်ကိုယ်ကို ယုံကြည်တဲ့စိတ်၊ ကိုယ့်အနာဂတ်ကို ကိုယ်ပိုင်တယ်ဆိုတဲ့စိတ်မျိုးတွေ ပေါ်ပေါက်လာအောင် လုပ်ပေးရမယ်။ လူ့အဖွဲ့အစည်းကို ထူးထူးခြားခြားကောင်းကျိုးပြုတဲ့သူတွေ၊ ကောင်းကျိုးပြုနိုင်တဲ့သူတွေ အများကြီး ရှိတယ်။ တန်ဖိုးရှိတဲ့ စာမျက်နှာတွေကို အဲဒီလိုလူတွေအတွက် နေရာပေးရမယ်။

အများအကျိုးအတွက် ဆောင်ရွက်မှုတွေ၊ ဒုက္ခရောက်နေတဲ့သူတွေကို အကူအညီပေးတာတွေ၊ ပတ်ဝန်းကျင်မညစ်ညမ်းအောင် ကြိုးစားအားထုတ်နေကြသူတွေ၊ မသမာမှုတွေ ဆန့်ကျင်ဖို့ ကြိုးစားနေကြတာတွေ ဒါတွေအကြောင်းကို ပိုပြီးအလေးပေးသင့်တယ်လို့ ဆောင်းပါးရှင်က ဆိုတယ်။

ဟောကိန်းတွေကြောင့် လူ့အဖွဲ့အစည်းကို ကောင်းကျိုးမပေး၊ ဆိုးကျိုးပေးရာရောက်တယ်ဆိုတာရှင်းရှင်းလင်းလင်းမြင်ရင် နိုင်ငံရေးအကြောင်း၊ စီးပွားရေးအကြောင်း အထိတ်တလန့်ရေးသားနေတာတွေဟာ ပြဿနာကို ပြေလည်အောင်လုပ်ရာမရောက်ပဲ ကိုယ်တိုင်က ပြဿနာဖြစ်အောင် လုပ်နေတာဖြစ်မယ့်အကြောင်း အယ်ဒီတာက ဆိုထားပါတယ်။

■

mgyoe.com

mgyoe.com

# ၂၀ အရပ်ဘက်အဖွဲ့အစည်းများ

အရပ်ဘက် အဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေဆိုပြီး မကြာခဏပြောဖြစ်ရေး ဖြစ်ပေမဲ့၊ ဘယ်အဖွဲ့အစည်းနဲ့မှလည်း အဆက်အသွယ်မရှိလေတော့ သူတို့ဘာတွေ လုပ်နေကြ၊ ဖြစ်နေကြသလဲဆိုတာလဲ ဘာမှမသိပါဘူး။ အကြောင်းအားလျော်စွာ အဖွဲ့အစည်းတစ်ခုက သူတို့ရဲ့ အစည်းအဝေးတစ်ခုကို တက်ရောက်ဖို့ ဖိတ်ကြားစာ၊ ထူးထူးခြားခြားရောက်လာတော့ ဘာတွေပါလိမ့် ဆိုတဲ့ သိချင်တဲ့ စပ်စုချင်တဲ့စိတ်က ပိုများတယ်။

ဟိုရောက်သွားတော့လည်း ကိုယ်နဲ့သိဟောင်းကျွမ်းဟောင်း တချို့ကို တွေ့ရပေမဲ့ အများစုက ကိုယ်မသိတဲ့သူတွေ။ ဆရာကြီး၊ ဆရာမကြီးတွေ ၄ ယောက်လောက်ကိုလည်း တွေ့ရတယ်။ အများစုက ပြည်တွင်းပြည်ပ အရပ်ဘက်အဖွဲ့အစည်းတွေက လာကြတာတွေ။ တစ်ဦးချင်း မိတ်ဆက်ပြီးတော့ ကိုယ်မကြားဖူးတဲ့ အဖွဲ့အစည်းတွေ အကြောင်းပါလာလို့၊ အဲဒီအဖွဲ့ အစည်းတွေက ဘာတွေလဲ ဘာတွေ လုပ်နေကြလဲဆိုတာ ပြောပြပါဦးလို့ မေတ္တာရပ်ခံရတယ်။

အဖွဲ့အစည်းတွေထဲမှာ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု တစ်လျှောက် တောက်လျှောက် ပါဝင်ခဲ့ပြီး ဘာသာရေး အသင်း အဖွဲ့ကနေ နိုင်ငံရေးအသင်းအဖွဲ့ဖြစ်၊ လွတ်လပ်ရေးရပြီးတော့ ဘာသာရေး အသင်းအဖွဲ့ဖြစ်၊ အခုလူမှုရေး လှုပ်ရှားမှုတွေမှာပါ ပါဝင်လာတဲ့ သက်တော်ရှည် အရပ်ဘက်အဖွဲ့အစည်းကြီး တစ်ခုပါတယ်။ ဒီဘက်

mgyoe.com

ခေတ်မှာ၊ လူအများစိတ်ဝင်စားကြ၊ ပတ်သက်ကြရတဲ့ အိုရေး၊ နာရေး၊ သေရေး၊ ကူညီစောင့်ရှောက်မှု အသင်းလည်းပါတယ်။ စီးပွားရေး လုပ်ငန်းနယ်ပယ်ကနေ ခုခံအားကျဆင်းမှုရောဂါ စောင့်ရှောက်ရေး လုပ်နေတာတွေ့ရတယ်။ အရပ်ဘက် အဖွဲ့အစည်းတွေကို အဆိုပြုလွှာတင်ဖို့ ကူညီတဲ့အဖွဲ့အစည်း၊ ရံပုံငွေထောက်ပံ့တဲ့ အဖွဲ့အစည်း စသည်ဖြင့် အဖွဲ့အစည်းတွေကို ံုဂျိ့ ပါ။ သူတို့သူတို့ အချင်းချင်းလည်း ကွန်ရက်တွေ၊ အစုအဖွဲ့တွေ အချိတ်အဆက်တွေ တည်ထောင်ထားကြလေသတဲ့။

> အရပ်ဘက်အဖွဲ့အစည်းတွေက
> ပြည်သူ့အဖွဲ့အစည်းတွေကို
> ကောင်းကျိုးပြုဖို့
> အထောက်အကူပြုဖို့
> ဝန်ဆောင်မှုနဲ့အကြံဉာဏ်တွေ
> ပေးဖို့ ကြိုးစားကြရာမှာ
> ပွင့်လင်းမြင်သာအောင်
> ကြီးကြပ်ကွပ်ကဲမှု
> အကဲဖြတ်မှုတွေရှိအောင်
> ကြိုးစားကြရာမှာ
> ကိုယ့်ဘက်ကစရမှာတွေ
> ကိုယ်ပြောသလို
> ကိုယ်တိုင်ကလည်း
> လုပ်ပြရမှာတွေ
> အများကြီးရှိနေပါသေးတယ်

သူတို့ကိုတွေ့မှ အရပ်ဘက်အဖွဲ့အစည်းတွေမှာ လူလတ်ပိုင်းတွေသာမက အသက်အရွယ် မရွေးလုပ်နိုင်ကြောင်း တွေ့ရတယ်။ အများအကျိုးအတွက် လုပ်ချင်ကိုင်ချင်စိတ်ရှိဖို့သာ လိုတယ်။ တစ်ဖန် အများအကျိုးဆောင်တဲ့ ပရဟိတအဖွဲ့အစည်းတွေနှင့် အရပ်ဘက်အဖွဲ့အစည်းတွေ တူ–မတူ ကိစ္စကိုလည်း ဆွေးနွေးကြတယ်။ အရပ်ဘက် အဖွဲ့အစည်းတိုင်းသည် ရန်ပုံငွေရှာ၊ အလှူခံပြီးမှ အလုပ်လုပ်ကြသော အဖွဲ့အစည်းတွေမဟုတ်။ အလှူရှင်မျက်နှာကိုသာ ကြည့်နေပြီး အကျိုး ခံစားခွင့်ရကြမည့်သူတွေကို မထောက်ထားသော လုပ်ငန်းမျိုးတွေမဟုတ်။ အလှူငွေတစ်ပြား တစ်ချပ်မျှ လိုက်လံအလှူခံခြင်းမပြု။ ဒုက္ခရောက်နေသူတွေ၊ မကျန်းမမာသူတွေ၊ နာရေးကြုံ သူတွေ၊ အိုဘေးနာဘေး နှစ်မျိုးစလုံး ကြုံနေသူတွေစသည့် ဒုက္ခသည်တွေ၊ ကလေးငယ်တွေကို ၎င်းတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းရန်၊ မျက်ရည်သုတ်ပေးရန်၊ လုပ်ငန်းရှေ့တန်းတင် ဆောင်ရွက်ရင်း၊ နောက်က စေတနာပေါက်၊ သဒ္ဓါပေါက်ကာ ရံပုံငွေတွေ ရရှိလာသော လုပ်ငန်းမျိုးတွေကိုလည်း တွေ့ရတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက အာဆီယံအသင်းကြီးနဲ့ ဘယ်လိုဆက်သွယ်ကြ၊ ဆောင် ရွက်ကြမလဲဆိုတာကို ဆွေးနွေးကြတော့ အာဆီယံအသင်းကြီးက ဘာတွေလုပ်နေလို့ လုပ်နေမှန်း၊ မြန်မာနိုင်ငံနှင့် ဘယ်လိုပါဝင်ပတ်သက်နေမှန်း၊ အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ ဘယ်လိုဆက်နွယ်နေမှန်း မသိကြသည့်သူတွေကိုလည်း တွေ့ရတယ်။ အခြားသူတို့၏ အရည်အသွေးမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် စေတနာရှိရုံဖြင့်မပြီး ကိုယ့်အလုပ်တစ်ခုတည်းကိုသာ ကျဉ်းကျဉ်း မြောင်းမြောင်းရှုမြင်၍မဖြစ်၊ ကျယ်

mgyoe.com

mgyoe.com

ကျယ်ပြန့်ပြန့်ရှုမြင်ဖို့ လိုတယ်။ ကိုယ့်အရည်အသွေးတွေ၊ အရည် အချင်းတွေ၊ မြင့်မားအောင်လုပ်ဖို့ လိုတာကို သဘောပေါက်လာကြတယ်။ အာဆီယံအသင်းကြီး ကိုယ်တိုင်က အရပ်ဘက်၊ နယ်ဘက် နယ်ပယ်အသီးသီးမှာ ချန်ပီယံတွေ ပြုစုပျိုးထောင်နေရတာ မဟုတ်ပါလား။

ဒီလိုပါပဲ အရပ်ဘက်အဖွဲ့အစည်းတွေက ပြည်သူ့အဖွဲ့အစည်းတွေကို ကောင်းကျိုးပြုဖို့၊ အထောက်အကူပြုဖို့၊ ဝန်ဆောင်မှုနဲ့အကြံဉာဏ်တွေ ပေးဖို့ ကြိုးစားကြရာမှာ ပွင့်လင်းမြင်သာအောင် ကြီးကြပ်ကွပ်ကဲမှု အကဲဖြတ်မှုတွေရှိအောင် ကြိုးစားကြရာမှာ ကိုယ့်ဘက်ကစရမှာတွေ၊ ကိုယ်ပြောသလို၊ ကိုယ်တိုင်ကလည်းလုပ်ပြရမှာတွေ၊ အများကြီးရှိနေပါသေးတယ်။ ဒီနေရာမှာ တခြားအရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အတွေ့အကြုံတွေကနေ သင်ခန်းစာအများကြီး ယူနိုင်ပါတယ်။ ကိုယ့်ကိုယ်ကို စင်းလုံးချောအဖွဲ့အစည်းတွေလို့ ယူဆထားရင်တော့ အမှားကြီး မှားပါလိမ့်မယ်။

အများပြည်သူကို စေတနာထားတယ်၊ ဒုက္ခရောက်နေတဲ့သူကို ကြင်နာစိတ်တွေ ပွားများတယ်၊ လိုအပ်တဲ့ကျွမ်းကျင်မှုတွေ၊ အရည်အသွေးတွေ ပြည့်ဝအောင်ကြိုးစားတယ်။ အမြင်မကျဉ်းဘဲ၊ ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်တတ်တယ်။ ပရဟိတကိုအတ္တဟိတထက် ရှေ့တန်းတင်တယ်ဆိုရင်တော့ အဲဒီအရပ်ဘက်အဖွဲ့အစည်းတွေဟာ အလွန်ကျက်သရေရှိတဲ့ အဖွဲ့အစည်းတွေ ဖြစ်မှာပါပဲ။

■

mgyoe.com

mgyoe.com

၂၀

# ၂၀၁၀ မြန်မာ့စီးပွားရေး အလားအလာ
## (အာရှဖွံ့ဖြိုးရေးဘဏ်၏ အမြင်)

မြန်မာနိုင်ငံသည် ကြာသေးမိနှစ်များတွင် အတန်သင့်သော စီးပွားရေးတိုးတက်မှုကိုသာ ရရှိခဲ့ခြင်းမှာ မူဝါဒ၊ ၂၀၀၉ ခုနှစ်ကမ္ဘာစီးပွားရေး နှေးကွေးမှုဒဏ်ကို အချို့အဝက်ကျခံရခြင်းနှင့် ၂၀၀၈ ခုနှစ် မေလက နာဂစ်မုန်တိုင်းဒဏ်ကို ခံရခြင်းတို့ကြောင့်ဖြစ်သည်။ ပုဂ္ဂလိကစားသုံးမှု အနည်းငယ် တက်လာခြင်း၊ အစိုးရ၏အသုံးစရိတ်နှင့်၊ သဘာဝ ဓာတ်ငွေ့ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုတို့ကြောင့်၊ စီးပွားရေး တိုးတက်မှု အနည်းငယ်မြင့်မားလာမည်ဟု တွက်ဆရသည်။ ၂၀၀၉ ခုနှစ်တွင် ငွေဖောင်းပွမှုနှုန်း ကျဆင်းခဲ့သော်လည်း ၂၀၁၀ တွင် ပြန်လည် မြန်ဆန်လာမည်ဟု မျှော်လင့်ရသည်။ အစိုးရက စီးပွားရေး အဆောက် အအုံကို ပြေလျော့ရန်အတွက် ကနဦးခြေလှမ်း အချို့ကိုလှမ်းခဲ့သော်လည်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားအခက်အခဲများ ရှိနေဆဲ ဖြစ်သည်။

### စီးပွားရေးအခြေအနေ

အာရှဖွံ့ဖြိုးရေးဘဏ်က အစိုးရ၏ခန့်မှန်းချက်နှင့်မတူဘဲ ၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ၅.၅ % တိုးတက်ရာမှ ၂၀၀၉ ခုနှစ်မတ်လ ၃၁ ရက် နေ့တွင် ပြီးဆုံးသော ၂၀၀၈ ဘဏ္ဍာရေး၌ ၃.၆ % တိုးတက်သည် ဟု ခန့်မှန်းသည်။ အစိုးရ၏ခန့်မှန်းချက်မှာ သိသိသာသာ မြင့်မားပြီး စီးပွားရေး တိုးတက်မှုနှင့် နီးနီးကပ်ကပ်ဆက်နွယ်နေသော ကိန်းရှင်များ ဖြစ်သည့် စွမ်းအင်သုံးစွဲမှု၊ မြေသြဇာ အသုံးပြုမှုတို့နှင့် ဆီလျော်မှုမရှိပေ။

mgyoe.com

စက်မှုနိုင်ငံများနှင့် ဘဏ္ဍာရေးနှင့်ကုန်သွယ်ရေး အချိတ်အဆက်မရှိခြင်းကြောင့် ကမ္ဘာ့စီးပွားရေးနှေးကွေးမှု၏ ဒဏ်ကိုတိုက်ရိုက်ခံရခြင်းမရှိပေ။ သို့သော် အိမ်နီးချင်းနိုင်ငံများတွင် စီးပွားရေးနှေးကွေးခြင်း၊ ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းခြင်း၊ နာဂစ်မုန်တိုင်းဒဏ်ကိုခံရခြင်းတို့ကြောင့် ပို့ကုန်နှင့်ပုဂ္ဂလိက စားသုံးမှုကျဆင်းခဲ့သည်။ ၂၀၀၈ ခုနှစ် မေလက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းကြောင့် လူ့အသက်ပေါင်းများစွာနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို သိသိသာသာ ထိခိုက်ခဲ့သည်။

ငါးလုပ်ငန်း၊ သစ်တောနှင့်မွေးမြူရေးလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းသည် ၂၀၀၈ ဘဏ္ဍာရေးနှစ် တိုင်းပြည်ဝင်ငွေ၏ ငါးပုံနှစ်ပုံ၊ ပို့ကုန်၏လေးပုံတစ်ပုံ၊ စုစုပေါင်းအလုပ်အကိုင်၏ တစ်ဝက်ကျော်ရှိသည်။ ပို့ကုန်အတွက် ဦးတည်ထုတ်လုပ်သော သဘာဝဓာတ်ငွေ့လုပ်ငန်း အပါအဝင် စက်မှုလုပ်ငန်းသည် တိုင်းပြည်ဝင်ငွေ၏ ၂၃%ရှိပြီး ကျန်သည့်အပိုင်းမှာ ဝန်ဆောင်မှုဖြစ်သည်။ တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများအရ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု လျော့နည်းလာကြောင်း တွေ့ရပြီး ထိုင်းနိုင်ငံမှဝယ်လိုအား လျော့ကျခြင်းကို ထင်ဟပ်သည်။

အိမ်နီးချင်းနိုင်ငံများမှ ဝယ်လိုအားပြန်လည်ဦးမော့လာခြင်းတို့နှင့် မုန်တိုင်းဒဏ်ခံခဲ့ရသော စိုက်ပျိုးမြေများအချို့တဝက်ပြန်လည် ကောင်းမွန်လာခဲ့ခြင်းတို့ကြောင့် ၂၀၁၀ ပြည့်နှစ်မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၄.၄%ရမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းသည်။ ထိုင်းနိုင်ငံမှ ဝယ်လိုအားတိုးတက်လာလျှင်၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ပြန်လည် တိုးတက်လာနိုင်သည်။ သို့သော် စီးပွားရေးအကြပ်အတည်းဒဏ်ခံရသော မလေးရှား၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် သွားရောက်အလုပ်လုပ်နေကြသော မြန်မာအလုပ်သမားများထံမှ ပြန်ပို့ငွေများ လျော့ကျခြင်းနှင့် လယ်ယာထွက်ကုန်များ၏ လယ်ကွင်းပေါက်ဈေးနှုန်းများ နိမ့်ကျနေသဖြင့် ပြည်တွင်းစားသုံးမှု အားနည်းစရာရှိသည်။

အဓိကသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၈ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် ၂.၅%၊ ၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ၂.၇% တိုးတက်မည်ဟု ခန့်မှန်းသည်။ ၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ် ထုတ်လုပ်မှုကို အလယ်ပိုင်းဒေသများတွင် မိုးနည်းပါးမှု၊ မုန်တိုင်းဒဏ်ခံရသော မြေများတွင် ဆားငံရေဆက်လက်ရှိနေမှုတို့ကြောင့် အဟန့်အတားဖြစ်စေသည်။

မတ်လ ၂၀၀၈ ခုနှစ်က ၂၉ %ရှိခဲ့သော ငွေဖောင်းပွမှုနှုန်းသည် စားနပ်ရိက္ခာနှင့် လောင်စာဈေးနှုန်းများ သိသိသာသာကျဆင်းခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ရှားမှု နှေးကွေးခြင်း၊ ဘတ်ဂျက်လိုငွေကို ငွေစက္ကူရိုက်နှိပ်မှု လျော့ကျခြင်းတို့ကြောင့် ၂၀၀၉ ခုနှစ်စက်တင်ဘာလတွင် ၂.၅% သာရှိတော့သည်။ ကမ္ဘာ့ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ၂၀၁၀ မတ်လတွင် ငွေဖောင်းပွမှုနှုန်း ၆.၅%ခန့် ဖြစ်စေကာ ၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ပျမ်းမျှငွေဖောင်းပွမှုနှုန်း ၇.၉% ခန့်ဖြစ်စေသည်။

၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ပငွေပေးငွေယူရှင်းတမ်း သာမန်စာရင်း၌ တိုင်းပြည်ဝင်ငွေ၏